# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ချင်းတောင် ဇူလိုင် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းတုန်းပြည်နယ် ချင်းတောင်မြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ယနေ့ ဖတ် စ ရာ

**ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်**

ပြည်တွင်းသတင်း | စာ ၉

**သစ်တော၊ သစ်ပင်စိုက်ပျိုးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့**

ဆောင်းပါး | စာ ၁၀

**မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တည်ထောင်နိုင်ရေး သဘောထားရယူ**


ပြည်တွင်းသတင်း | စာ ၁၇

❖ ရှေ့ဖုံးမှ


နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကူမင်းမြို့သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရှစ်ကျင်း (Mr. Zhang Shijin)၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများက ကူမင်း လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့သို့ရောက်ရှိစဉ် ယူနန် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်းဟောင် (Mr.Wang Hao) က အပြည်ပြည်ဆိုင်ရာ လေဆိပ် အထူးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက် သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်းဟောင် (Mr.Wang Hao) က အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ချင်းတောင်မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စလင်ပင်းနှင့် တာဝန်ရှိသူများက ချင်းတောင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ သည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာပြီး ဒေသ စံတော်ချိန် ညနေ ၅ နာရီခွဲတွင် ချင်းတောင်မြို့သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံ အမတ်ကြီး ဦးတင်မောင်ဆွေ၊ ချင်းတောင် မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စလင်ပင်းနှင့် တာဝန်ရှိသူများက ချင်းတောင်လေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

### ဟိုတယ်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ သည် ချင်းတောင်လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ ရာ တည်းခိုမည့် Qingdao Sea View Garden ဟိုတယ်သို့ ရောက်ရှိကြသည်။

### အဖွဲ့ဝင်များလိုက်ပါ

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့်အတူ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌရုံးနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနတို့မှ အဆင့်မြင့်အရာရှိကြီး များ အဖွဲ့ဝင်အဖြစ် လိုက်ပါသွား ကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် စဉ့်ကိုင်မြို့နယ် သဂ်တုံကျေးရွာ “ဘဝအလင်းသစ်”စာကြည့်တိုက် ဖွင့်ပွဲတက်ရောက်

**စဉ့်ကိုင် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင် မြို့နယ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ မတည်ထောက်ပံ့ငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ် သော သဂ်တုံကျေးရွာ “ဘဝ အလင်းသစ် ” စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပ သည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ သဂ်တုံ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုး သန့်တို့က “ဘဝအလင်းသစ်” စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာကြည့်တိုက် အဆောက်အအုံသစ်ကို အမွှေး နံ့သာရည်များ ပက်ဖျန်းပေး ပြီး စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုသည်။



ဆက်လက်၍ ခရိုင်ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဒေါ်တင်တင်ထွေးနှင့် တော်ဝင်ပိတောက်မြိုင် ကုမ္ပဏီမှ မန်နေးဂျင်း ဒါရိုက်တာ ဦးအောင် ဝင်းတို့က စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက် သည့် စာရွက်စာတမ်းများ၊ ပရိဘောဂများ၊ သုတ / ရသ စာအုပ်စာစောင်များကို လည်း ကောင်း၊ ဦးရွှေခိုင်(ရွှေအကယ်ဒမီ) မိသားစု၊ ဦးအောင်ကျော်မင်း (အောင်ကောင်းပြည့်စုံ) မွေးမြူရေး မိသားစုတို့က သုတ/ရသ စာအုပ် ၂၉၀ တို့ကို “ဘဝအလင်းသစ်” စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်ထံ သို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရ သည်။

**ကျော်စွာ(စဉ့်ကိုင်)**

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၆**

ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ ကြည့်ရှုစစ်ဆေးပြီး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့

**မြစ်ကြီးနား ဇူလိုင် ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့သို့ သွားရောက်ပြီး မြစ်ကြီးနားခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ဘေးသင့်ခဲ့သူများအား ထောက်ပံ့ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးပို့ထားသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့်၊ သိုလှောင်ရုံအတွင်းပစ္စည်းများ သိုလှောင်ထားရှိမှု၊ ကယ်ဆယ်ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိပြီး သင်တန်းဖွင့်လှစ်ရန် စီစဉ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနား





မြို့ပေါ်ရှိ မြေမြင့်ရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ဆန်ရိက္ခာ၊ ငါးသေတ္တာဘူး၊ အဝတ်အထည်၊ သွားတိုက်ဆေး၊ သွားတိုက်တံစသည့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်၍ **(ဝဲပုံ)** ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် သာသနာ့ရုံသီ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရေဘေးသင့် ပြည်သူများ၏ လတ်တလော စားသောက်နေထိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေတို့ကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းနှင့်မနောအိမ်တော်တို့သို့ ရောက်ရှိပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် မြစ်ကြီးနား တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဗလမင်းထင် ဧက ၁၀၀ စံပြစိုက်ကွင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှု အခြေအနေနှင့် ပြန်လည်စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု ကြည့်ရှုအားပေးပြီး တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့်**(ယာပုံ)** စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်သင်ကြားရေး ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကျောင်း၌ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး မိမိရပ်ကွက် / ကျေးရွာများရှိ အခြေခံ ပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်ကင်းစင်စေရေး၊ စံပြရပ်ကွက်/ ကျေးရွာများဖြစ်အောင် ဆောင်ရွက်ကြရေးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်းတိုက်အတွင်းရှိ သုခကာရီ စာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်၌ စာအုပ်စာစောင်များ ခင်းကျင်းထားမှုနှင့် ကျေးရွာနေ ပြည်သူများ၊ လူငယ်၊ လူရွယ်များ စာပေလေ့လာ ဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်



အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ တပ်ကုန်းမြို့နယ် ဩဝါဒစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ စန္ဒာသီရိ သက်တော်ရှည် မြို့ရှေ့စန္ဒာရုံဆရာတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရတော်မူသော တပ်ကုန်းမြို့နယ်မှ ဆရာတော်ငါးပါးနှင့် သီလရှင်တစ်ပါးတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် သော်တာကျေးရွာရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (MRTV) သို့ ရောက်ရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များသင်ကြားမည့် စာသင်ခန်းများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာ ကွင်းအမှတ် (၁၃၁၀) ၌ မိုးစပါး အခြောက် မျိုးစေ့ချကိရိယာ (Dry Seeder)ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး ခရမ်းစပ်ကုန်း ကျေးရွာအုပ်စုမှ တောင်သူများကို မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ကင်းသာကျေးရွာရှိ ဒေါက်တာဇော်ထူးမြင့်၏ အသားတိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၆

**(၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ ဗဟိုသမဝါယမအသင်း လီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများ၊ သမဝါယမအသင်းသားများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Cooperative Alliance –ICA)ကို ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့ရာ သက်တမ်း ၁၂၉ နှစ်ရှိပြီဖြစ်ကြောင်း၊ ၁၉၂၃ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပွဲများ ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၀၂)နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံက နှစ်စဉ် ဇူလိုင်ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၀၄ ခုနှစ်၌ သမဝါယမအသင်းအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၀၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်းခရိုင် မြင်းမူ ငွေစုငွေချေး သမဝါယမအသင်းကို စတင်ဖွဲ့စည်းသည်မှစ၍ သမဝါယမလုပ်ငန်းများ သန္ဓေတည်လာခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက် သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဦးစီးဌာန၊ ဝန်ကြီးဌာန ဖွဲ့စည်းထူထောင်ပြီး လမ်းညွှန် ကြီးကြပ်မှုများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ခေတ်နှင့်အညီ မူဝါဒအသစ်များဖြင့် (၃) နှစ်တာကာလအတွင်း သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများကို လုပ်ငန်းအမှန်တကယ် လုပ်ကိုင်သူများကိုသာ ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သမဝါယမအသင်းပေါင်း ၃၈၆၅၉ သင်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "Cooperatives Build a Better Future for All" (အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး) ဆိုသည့်အတိုင်း နိုင်ငံတကာ သမဝါယမများက မျှဝေခံစားတတ်သော လူ့ကျင့်ဝတ် ဂုဏ်သိက္ခာ စံတန်ဖိုးများအပေါ် အခြေတည်ထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံး ကြိုးစားအားထုတ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် ဦးထွန်းလှိုင်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို ဗဟိုသမဝါယမအသင်း လီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာ တိုးနန္ဒာတင်က ဖတ်ကြားကာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုတေးသီချင်းနှင့် သမဝါယမလုပ်ငန်း ဆောင်ရွက်မှု Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သမဝါယမဖွံ့ဖြိုးရေး ဆောင်ရွက်မှုများအတွက် ဆုအမျိုးအစားပေါင်း ၂၇ ဆုကို ပေးအပ်ချီးမြှင့်ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားတက်ရောက်

**မြစ်ကြီးနား ဇူလိုင် ၆**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် (၁၀၂) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်သမဝါယမဦးစီးဌာနရုံး၌ ဒေသတွင်း သမဝါယမအသင်းစုများ၏ ဒေသထုတ်ကုန်ပြခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံတကာ သမဝါယမများက မျှဝေခံစားတတ်သည့် လူ့ကျင့်ဝတ် ဂုဏ်သိက္ခာ စံတန်ဖိုးများအပေါ် အခြေတည်ထားသည့် ကမ္ဘာတစ်ဝန်းလုံးက သဘောတူ လက်ခံထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံး ကြိုးစားအားထုတ်ပြီး မိမိတို့ မြန်မာ့သမဝါယမများကလည်း မိမိဒေသ၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏ အနာဂတ်ဘဝ ပိုမိုတိုးတက်ကောင်းမွန် လာစေရေးအတွက် သမဝါယမ၏ အနှစ်သာရနှင့် ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကာ အဓိကဦးတည်ချက်ဖြစ်သည့် မြန်မာ့သမဝါယမပုံရိပ်ကို ပြန်လည်မြှင့်တင်ပြီး တာဝန်ရှိသူများ ကိုယ်တိုင် စနစ်တကျကြီးကြပ်ဆောင်ရွက်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သမဝါယမအသင်းချုပ်က ပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြို့နယ်ပေါင်း ၁၃ မြို့နယ်တို့အနက် ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် သမဝါယမလုပ်ငန်းများတွင် ထူးချွန်စွာ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ကြသော ပထမဆုရ မိုးကောင်းမြို့နယ်၊ ဒုတိယဆုရ မြစ်ကြီးနားမြို့နယ်နှင့် တတိယဆုရ မိုးညှင်းမြို့နယ်တို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦးကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သမဝါယမအသင်းသား အသင်းသူများက ဒေသထုတ်ကုန်ပစ္စည်းများ ပြခန်းအတွင်း သမဝါယမအသင်းစုများ၏ ဒေသထွက် စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များ၊ အဝတ်အထည်များ၊ ဝါးလက်မှုပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ကချင်ပြည်နယ် အတွင်း သမဝါယမကဏ္ဍမှ ဇွန် ၃၀ ရက်အထိ မြို့နယ် ကိုးမြို့နယ်၊ သမဝါယမအသင်းပေါင်း ၆၁သင်း၊ အသင်းသားတောင်သူ ၃၁၇၉ ဦးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကန်ထရိုက်လယ်ယာ၊ OROP ၊ အရောင်းဆိုင်၊ သဘာဝဓာတ်မြေဩဇာ၊ ဆန်စက်၊ ဆီစက်များနှင့် အခြားလုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် သန်း ၂၃၂၂ ဒသမ ၄၀ ကို မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနတွင် နို့စားနွားမွေးမြူထားသည့် အသင်းသားများသို့ နွားစာစရိတ်ထောက်ပံ့ငွေများ ပေးအပ်

**ပြင်ဦးလွင် ဇူလိုင် ၆**

၂၀၂၄ ခုနှစ် ဇူလိုင် ၆ ရက်နေ့တွင် ကျရောက်သည့် (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာန နှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ နွားမွေးမြူရေးဆောင်ရွက်နေသော အသင်းသားများအား ယမန်နေ့က နွားစာစရိတ်အတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် နို့ထွက်နွားမတစ်ကောင်လျှင် နွားစာစရိတ် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပြင်ဦးလွင်နို့စားနွားမွေးမြူရေး သမဝါယမအသင်းလီမိတက်တွင် နို့ထွက်နွားမ ၇၁ ကောင်အတွက် နွားစာစရိတ်တန်ဖိုးငွေကျပ် ၃၅ ဒသမ ၅ သိန်းကို ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်က အသင်းဥက္ကဋ္ဌထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြူလူသစ်(ပြန်/ဆက်)**

# အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် ဇူလိုင် ၆**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**ဝေဖန်ဆွေးနွေးတော်မူ**

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက ဆောင်ရွက်တော်မူ၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

**ဆွေးနွေးဆုံးဖြတ်တော်မူ**

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယနေ့ (ဒုတိယပိုင်း) ကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

**အောင်မြင်စွာကျင်းပပြီးစီး**

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇေက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ကျေးနစတ္တာလီသ (၃၉) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့တွင်(ပထမအကြိမ်)ရွှေအင်ကြင်းဓမ္မကထိကသင်တန်းဆင်းပိတ်ပွဲကျင်းပ

**ကော့သောင်း ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေဝါဝင်းဓမ္မရိပ်သာ ကျောင်းတိုက်တွင် နိုင်ငံကျော်ဓမ္မကထိက ရှင်ဥတ္တမကျော်၏ တပည့်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ သာသနာ့ဝုဓိကရဓမ္မကထိက သာသနာပြုနယ်လှည့် ဓမ္မကထိက က ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ ခုနစ်ရက်တာ သင်တန်းပို့ချခဲ့သော ရွှေအင်ကြင်းဓမ္မကထိက သင်တန်းကြီးကို ယနေ့နံနက်ပိုင်းတွင် သင်တန်းဆင်းပိတ်ပွဲ အခမ်းအနား ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပိတ်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ခဲ့ပြီး ရွှေအင်ကြင်းဓမ္မကထိက သင်တန်းကျောင်း၊ သာသနာပြုနယ်လှည့် ဓမ္မကထိကသာသနာ့ဝုဓိကရ ဓမ္မကထိက၊ ပဋ္ဌိပတ္တိဂုဏ်ထူးဆောင်၊ သင်တန်းမှူးနည်းပြ၊ အရှင်သုမင်္ဂလ (ရွှေအင်ကြင်း) ဆရာတော်အား ဩကာသကန်တော့ချီးဖြင့် သံပြိုင်ရွတ်ဆိုကန်တော့ခဲ့ပြီး ဉာဏ်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ယင်းနောက် ရွှေအင်ကြင်းဆရာတော်က သင်တန်းကာလအတွင်း ဂါထာရွတ်ဆိုခြင်းနှင့် တရားဟောပြိုင်ပွဲများတွင် ဆုရရှိသော သံဃာတော်များကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဓမ္မကထိကလောင်းလျာဆရာတော်၊ သံဃာတော် ၄၇ ပါးအား သင်တန်းပြီးဆုံးကြောင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် ဆရာတော်က တရားနာပရိသတ်တို့အား အနုမောဒနာတရား ချီးမြှင့်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက် ရွှေဝါဝင်းဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် အရှင်ဝိန္ဓာစာရက ကော့သောင်းမြို့တွင် ပထမအကြိမ် သင်ကြားဖွင့်လှစ်ပေးခဲ့သော ရွှေအင်ကြင်းဓမ္မကထိက သင်တန်းကြီး အောင်မြင်စွာပြီးစီးမှုအတွက် သင်တန်းသား သံဃာတော်များကိုယ်စား ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ဓနုဖြူ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အကျော်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အကျော်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးညွန့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ကြီးပွားရေး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲတက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာတျာရင်ဘတ်မြို့၌ ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယကုန်သွယ်ရေး ကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဆဗျဲလော့ဗ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ Tyazhpromexport Co., Ltd. (TPE) ညွှန်ကြားရေးမှူးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ၍ သံမဏိထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခြင်း၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်း၊ စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ ခင်းကျင်းပြသထားသည့် ပြခန်းများ ကြည့်ရှုလေ့လာခြင်းနှင့် စက်မှုကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသည့် ဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် ကော်ပိုရေးရှင်း "Rostec"၊ "KAMZ" JSC၊ "GAZ" Group၊ "AVTOVAZ" JSC၊ နိုင်ငံပိုင်ကော်ပိုရေးရှင်း "Roscosmos"၊ Concern VKO "Almaz-Antei" JSC၊ နိုင်ငံပိုင်ကော်ပိုရေးရှင်း "Rosatom"၊ "Transmashholding" JSC၊ "Kasperskiy Laboratory" JSC၊ "Severstal" PJSC၊ "Rosseti" PJSC များ အပါအဝင် ကုမ္ပဏီ ၆၀၀ ကျော် ပါဝင်ပြသမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးအစီအစဉ်၌ "Digital Manufacturing"၊ "Industrial Innovations"၊ "Industrial Development"၊ "Metroplitian Technologies"၊ "Labour Efficiency"၊ "Financing of Manufacturing"၊ "New Mobility"၊ "Chemical Industry"၊ "ENG in Industry"၊ "Educational Solutions in Industry"၊ "Food Tech/Agri Tech" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲပေါင်း ၁၀၀ ကျော်ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် အရည်အသွေးအာမခံမှု (QA)မြှင့်တင်ရေးလုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ ရွှေဝတီကိုယ်ပိုင်အထက်တန်းကျောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ တိုင်းချစ်ပြည်ချစ်စိတ်ကိန်းအောင်းလာအောင် သင်ကြားပေးကြရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ ရောက်ရှိပြီး အဆင့်မြင့်ပညာကဏ္ဍ အရည်အသွေးအာမခံမှု (Quality Assurance) မြှင့်တင်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ပြည့်မီအောင် ဖြည့်ဆည်းရမည့် စံချိန်စံညွှန်း (Criteria) များကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးရာတွင် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များသည် နိုင်ငံတကာ တက္ကသိုလ်များထက် နောက်ကျမကျန်ရစ်စေရေးအတွက် အရည်အသွေးအာမခံမှု (Quality Assurance) လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု ကော်မတီ (NAQAC) ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံတက္ကသိုလ်များကွန်ရက် (ASEAN University Network-AUN) ၏ အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီး AUN အသိအမှတ်ပြုမှုလက်မှတ် အမြန်ဆုံးရရှိအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က အာဆီယံတက္ကသိုလ်များကွန်ရက် အရည်အသွေးအာမခံမှု (AUN-QA)စနစ်ကို ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ လိုက်နာဆောင်ရွက်နေမှုအခြေအနေနှင့် ကျောင်းတွင်းအကဲဖြတ်မှု နှစ်ကြိမ် ဆောင်ရွက်ခဲ့မှုမှ ရရှိလာသော အကျိုးအမြတ်များနှင့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်က ရရှိထားသော အတွေ့အကြုံများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များသို့ ဖြန့်ဝေလေ့ကျင့်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ တက္ကသိုလ်အဆင့် (Institutional Level)၊ ဘွဲ့ဒီဂရီသင်တန်းအဆင့် (Programme Level) အရည်အသွေးအာမခံမှု လမ်းညွှန်ချက်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ပြုစုဖြန့်ဝေရေး၊ သက်ဆိုင်သူများကို လုံလောက်သော လေ့ကျင့်မှုများ ပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖြူးမြို့နယ်၌ တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရရှိသူနှင့် အောင်ချက်အကောင်းဆုံးကျောင်း သုံးကျောင်းအား ဂုဏ်ပြု

**ဖြူး ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ကျောင်းသူ မနီလာဝင်းနှင့် အောင်ချက်အကောင်းဆုံး အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်းတို့အား "ရွှေဖြူး" ပညာရေးဖောင်ဒေးရှင်းမှ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် "ရွှေဖြူး" ပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးညွန့်ဝေက အမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသူမနီလာဝင်း (နှစ်ထပ်ကွမ်းလူရည်ချွန်၊ အ.ထ.က-၁ဖြူး) နှင့် အောင်ချက်အကောင်းဆုံး ပထမဆုရ အ.ထ.က-၂ ဖြူး၊ အောင်ချက်အကောင်းဆုံး ဒုတိယဆုရ အ.ထ.က ညောင်ပင်သာ၊ အောင်ချက်အကောင်းဆုံး တတိယဆုရ အ.ထ.က-၁ ဖြူးတို့မှ ကျောင်းအုပ်ဆရာမကြီးများကို "ရွှေဖြူး" ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုတံဆိပ်များနှင့် ဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## တောင်ကြီးမြို့၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အခွန်ပညာပေးရှင်းလင်းပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန တောင်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်အရပ်ရပ်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိစေရန်နှင့် ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေများ လွတ်ကင်းမှုမရှိစေရေးအတွက် ဒုတိယအကြိမ်မြောက် အခွန်ပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၄ ရက်က တောင်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက အခွန်ဆိုင်ရာများကို အသိပညာပေးရှင်းလင်းပြောကြားကြောင်းနှင့် လုပ်ငန်းရှင် ၇၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

❏ *ကျော်ဖုံးမှ*
အိမ်သာကန်များမှတစ်ဆင့်လည်းကောင်း ရောဂါအဆင့်ဆင့်ကူးစက်ဖြစ်ပွားပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်နိုင်ရေးအတွက် ယင်နားစာ စသည့် မသန့်ရှင်းသည့် အစားအစာများကို မသုံးစွဲခြင်း၊ FDA အသိအမှတ်ပြု သောက်ရေသန့် (သို့မဟုတ်) ရေသန့်စင်ဆေးပြား အသုံးပြု၍ သန့်စင်ထားသည့်ရေ (သို့မဟုတ်) ဆူပွက်အောင်ကျိုချက်ထားသည့်ရေ စသည့် သန့်ရှင်းသည့် ရေကိုသာ သောက်သုံးခြင်း၊ အစားအစာများကိုမစားသုံးမီနှင့် အိမ်သာမှအထွက်တွင် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ စနစ်တကျ သန့်စင်ဆေးကြောခြင်း၊ သန့်ရှင်းသည့် ယင်လုံအိမ်သာ (သို့မဟုတ်) ယင်လုံသည့် မိလ္လာကန်ကို အသုံးပြုခြင်းနှင့် ယင်ကောင်ပေါက်ပွားမှု နည်းပါးစေရေးအတွက် စားကြွင်း၊ စားကျန်များ အပါအဝင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ပါသည်။

ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်၍ စောစီးစွာ ကုသမှုခံယူသင့်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**(၆-၇-၂၀၂၄)**

# ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်တို့တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်နှင့် သာကေတမြို့နယ် အနော်မာရပ်ကွက်တို့တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း သတင်းအရ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေါပုံမြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်သိဒ္ဓိဓမ္မာရုံတွင် ဖွင့်လှစ်ထားရှိသည့် ယာယီဆေးပေးခန်းသို့ရောက်ရှိရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရောဂါထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ နေအိမ်ရှိ အခန်းများအားလုံးနှင့် အိမ်သာများကို ကလိုရင်းဆေးရည်ဖြင့် ကြမ်းတိုက်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများ ဆောင်ရွက်စေပြီး Water Purification Tablets များ ဖြန့်ဝေခြင်း၊ အလားတူ ရောဂါထပ်မံဖြစ်ပွားသူ ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နွယ်အေးရပ်ကွက်အတွင်း အိမ်သာတည်ဆောက်သုံးစွဲမှုနှင့် ရေသုံးစွဲမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ နွယ်အေးရပ်ကွက်တွင် အိမ်ခြေ ၁၆၆ အိမ်၊ လူဦးရေ ၆၄၆ ဦး နေထိုင်ကြပြီး ခြောက်ခန်းတွဲပါ ဘုံအိမ်သာတစ်လုံး၊ သုံးခန်းတွဲပါ ဘုံအိမ်သာတစ်လုံး၊ အခြားအိမ်သာ သုံးလုံးနှင့် သုံးရေအဖြစ် လက်နှိပ်တိုကင်ရေနှင့် မိုးရေအသုံးပြုကြကာ သောက်ရေအဖြစ် ရေသန့်ဘူးများကို အသုံးပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာကေတမြို့နယ် ထူပါရုံရပ်ကွက်နှင့် အနော်မာရပ်ကွက်တွင် ဂျိုးဖြူ ရေပေးဝေသည့် ပိုက်ပေါက်သည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများသည် အနော်မာရပ်ကွက် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားရာလမ်းရှိ နေအိမ်များတွင် သိုလှောင်ထားသော ရေကန်များ၊ တိုင်ကီများ၊ အုတ်ကန်များအား Stock Solution ဖျော်၍ ကလိုရင်းဆေးခတ်ခြင်း၊ Water purification Tablets များ ခတ်ခြင်းနှင့် ဖြန့်ဝေခြင်း၊ ရောဂါဖြစ်ပွားသည့် နေအိမ်များမှ သောက်ရေနှင့် သုံးရေ ရေနမူနာများယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး အလားတူ ရောဂါထပ်မံဖြစ်ပွားမှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှု နိုင်ရေးအတွက် အနော်မာရပ်ကွက် လမ်းသစ်(၂)လမ်း ရတနာသီရိ ဓမ္မာရုံတွင် ဆေးခန်းဖွင့်လှစ်ထားရှိကြောင်းနှင့် ဝမ်းပျက်၊ ဝမ်းလျှောခြင်းကြောင့် ဆေးရုံတက်လူနာ ရှစ်ဦး၊ ဆေးရုံပြင်ပလူနာနှစ်ဦး၊ ကျန်းမာရေးဌာနမှ ကွင်းဆင်း ကုသပေးစဉ် တွေ့ရှိခဲ့ရသော လူနာနှစ်ဦး၊ စုစုပေါင်း ဝမ်းပျက်ဝမ်းလျှော လူနာဦးရေ ၁၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့်မဟုတ်ဘဲ ခုခံအားကျဆင်းမှု ရောဂါအခံရှိ၍ သေဆုံးခဲ့ကြောင်း၊ အဆိုပါ ရပ်ကွက်များအတွင်းဆေးခန်းဖွင့်လှစ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ဆောင်ရွက်ထားရှိကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက သာကေတမြို့နယ် သာကေတအဝိုင်းတွင် မြို့နယ်နေပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန်နေရာနှင့် ရေဝဏ်ရေပေးဝေရေးစခန်း(၂) ရောဂါလန် နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဧရာဝတီ၊ ချင်းတွင်းနှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှုအခြေအနေ၊ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုရန်

**နေပြည်တော် ဇူလိုင် ၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၆ ပေခန့် (၁၈၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခွဲကျော်ခန့် (၁၇၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့် (၁၆၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ ပေခွဲကျော်ခန့် (၁၄၃ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့် (၁၃၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခွဲကျော်ခန့် (၁၇၄ စင်တီမီတာ)တွင် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မန္တလေးမြို့၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်နှင့် မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

❍ *ကျော်ဖုံးမှ*
ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၀ ပေခန့် (၂၉၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ၅ ပေခွဲခန့် (၁၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**နန့်ယင်းချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲကျော်ခန့် (၁၁၂ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေပါသည်။ အဆိုပါ ချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**နန့်ကောင်းချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ ချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လပွတ္တာမြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကျောင်းကုန်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မော်လမြိုင်ကျွန်းမြို့တွင် ၁ ဒသမ ၈၈ လက်မ၊ ပုသိမ်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၁ ဒသမ ၅၈ လက်မစီ၊ ဥက္ကံမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် သာပေါင်းမြို့တွင် ၁ ဒသမ ၂၀ လက်မ တို့ဖြစ်ကြသည်။

ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး မီဒီယာများ မေးမြန်းထားတာကို ပြန်လည်ပြောကြားသွားပါမယ်။ စဖြစ်တာကတော့ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျူးကျော်ရပ်ကွက်မှာဖြစ်ပါတယ်။ အဲဒီမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေတယ်ဆိုပြီး သတင်းရရှိခဲ့ပါတယ်။ ဒါကြောင့် ဇူလိုင်လ ၃ ရက်နေ့က သွားရောက်စစ်ဆေးတဲ့အခါမှာ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာ ဖြစ်ပွားသူ ၁၂ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီထဲကဆေးရုံတက်ရောက်ကုသသူ ကိုးဦးရှိခဲ့ပါတယ်။ အဲ့ဒီကိုးဦးရဲ့ ဝမ်းနမူနာတွေကိုစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာ တစ်ဦးက ကာလဝမ်းရောဂါပိုးတွေ့ရှိတယ်ဆိုတဲ့ အဖြေထွက်ခဲ့ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဆေးရုံအသီးသီးမှာ တက်ရောက်နေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာပြတဲ့ လူနာတွေကို ကာလဝမ်းရောဂါပိုးရှိ / မရှိ စစ်ဆေးခဲ့ပါတယ်။ ဒီနေ့ထိ တွေ့ရှိရတာကတော့ ဝိတိုရိယဆေးရုံမှာ တစ်ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လေးဦး စုစုပေါင်း ငါးဦးတွေ့ရှိတယ်ဆိုတဲ့ အဖြေထွက်ရှိခဲ့ပါတယ်။ ကျန်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာပြတဲ့သူတွေကတော့ ကာလဝမ်းရောဂါပိုး မတွေ့ရှိခဲ့ပါဘူး။

ဒါနဲ့ပတ်သက်ပြီးတော့ ဖြစ်ပွားတဲ့နေရာ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျူးကျော်ရပ်ကွက်ကို ရန်ကုန်တိုင်းဒေသကြီးက တာဝန်ရှိသူတွေ ပြည်သူ့ကျန်းမာရေးအဖွဲ့တွေနဲ့ သွားရောက်စစ်ဆေးတဲ့အခါမှာ အဲ့ဒီနေရာမှာ




အိမ်ခြေ ၁၆၆ လုံး၊ လူဦးရေ ၆၄၆ ဦး နေထိုင်ပြီး အများသုံးအိမ်သာက ၁၂ ခန်းသာရှိကြောင်း တွေ့ရပါတယ်။ ဒီဟာကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေတဲ့ အကြောင်းရင်းလို့ပဲ သုံးသပ်ရပါတယ်။ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိပြီး စောစောစီးစီးကုသပေးနိုင်ဖို့ အဲ့ဒီနေရာမှာပဲ ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့ကိစ္စများဖြစ်တဲ့ လမ်းဘေးစားသောက်ဆိုင်တွေကို ယာယီပိတ်ထားတာတွေ၊ ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းမှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ကျွန်တော်ပြောတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ဆေးရုံတက်ရောက်သူထဲမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူမရှိပါဘူး။ အဲဒီထဲကမှ တစ်ဦးကတော့ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် မဟုတ်ဘဲနဲ့ နဂိုကတည်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအခံရှိလို့ သေဆုံးခဲ့ကြောင်း သိရပါတယ်။ ဒီရပ်ကွက်တွေကို သွားရောက်စစ်ဆေးပြီးတော့ ယာယီဆေးခန်းဖွင့်လှစ်ပြီး လူနာသစ်တွေ လာရောက်ပြသမှု အခြေအနေတွေကို လက်ခံတာတွေ၊ တိုင်းဒေသကြီးက တာဝန်ရှိအဖွဲ့အစည်းတွေ၊ ဒေသခံကျန်းမာရေးဝန်ထမ်းတွေနဲ့ လူမှုအဖွဲ့အစည်းတွေ၊ Volunteer တွေကနေပြီး ရပ်ကွက်အတွင်း သန့်ရှင်းတဲ့ရေရရှိရေး ကလိုရင်းဆေးခတ်တာတွေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်တာတွေ၊ ရေသန့်ဖြန့်ဝေတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လူနာနေအိမ်တွေသွားရောက်ပြီး ရောဂါဗေဒဆိုင်ရာတွေကို စုံစမ်းထောက်လှမ်းတာတွေ၊ လူနာနဲ့အနီးကပ်ထိတွေ့သူတွေကို ကျန်းမာရေးပညာပေးတာတွေ၊ ပဋိဇီဝဆေး တိုက်ကျွေးတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့ကလည်း သွားရောက်ကွင်းဆင်းစစ်ဆေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ကူးစက်)ညွှန်ကြားရေးမှူးဦးစီးတဲ့ ဗဟိုတုံ့ပြန်ရေးအဖွဲ့စေလွှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာပြောချင်တာက ဝမ်းပျက်ဝမ်းလျှောရောဂါဆိုတာ မိုးဦးကာလမှာဖြစ်ပွားတတ်တဲ့ ရောဂါမျိုးဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ပတ်သက်ပြီး သတိပြုဖွယ်ရာတွေကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လှုံ့ဆော်စာတွေထုတ်ပြန်ပေးလျက်ရှိပါတယ်။ ဒီလှုံ့ဆော်စာတွေ၊ တိုက်တွန်းချက်တွေကို သေချာဖတ်ပြီး ကြိုတင်ကာကွယ်တာတွေ၊ ကြိုတင်တားဆီးတာတွေ၊ လိုက်နာတာတွေဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကျဉ်းချုပ်အနေနဲ့ကတော့ ရေကို ကျိုချက်သောက်တာ၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း ကလိုရင်းဆေးခတ်ပြီး သောက်တာ၊ အစားအစာတွေကိုသန့်ရှင်းစွာချက်ပြုတ်ပြီး ယင်မနားအောင် ဖုံးအုပ်ထားတာတွေ၊ ယင်လုံအိမ်သာများအသုံးပြုဖို့ ဒါတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း အဆက်မပြတ် စောင့်ကြည့်ဆောင်ရွက်လျက်ရှိသလို ဒေသဆိုင်ရာအာဏာပိုင်များကလည်း အဆက်မပြတ်စောင့်ကြည့်အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များရဲ့ ရောဂါကာကွယ်တားဆီးနှိမ်နင်းရေးသတိပေးချက် လှုံ့ဆော်မှုတွေကို အတူလိုက်နာပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဇန်းမော်မြို့၌ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြော

ဇန်းမော် ဇူလိုင် ၆

ကချင်ပြည်နယ် ဇန်းမော်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဇန်းမော်ခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကိုကို - ၁ က သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇန်းမော်မြို့နယ် ဦးစီးအရာရှိ ဦးဖြိုးဇော်ဟိန်းက သစ်တောလုပ်ငန်းများနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး သစ်တော သစ်ပင်များအား စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းအားဖြင့် သစ်တောသစ်ပင်များ၏ အဖိုးတန်အရေးပါမှုကို ပြည်သူလူထုအတွင်း နိုးကြားတက်ကြွသည့်အသိ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# သစ်တော၊ သစ်ပင်စိုက်ပျိုးပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့

**ကမ္ဘာဂြိုဟ်သည် ရေ၊ လေ၊ မြေ၊ စွမ်းအင်တို့ဖြင့် ဖွဲ့စည်းထားပြီး သက်ရှိ၊ သက်မဲ့ဂေဟစနစ်မျိုးစုံ ဖြစ်တည်လျက်ရှိသော ဂြိုဟ်ကြီးတစ်လုံးဖြစ်သည်။ ထို့ကြောင့် သက်ရှိသက်မဲ့ဂေဟစနစ်မျိုးစုံသည် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးမှာ အလွန်အရေးကြီးသည်။ လူ၊ ကျေးငှက်တိရစ္ဆာန်နှင့် သစ်တောသစ်ပင်တို့သည် ခွဲခြား၍မရနိုင်သော လက်တွဲဖော်များဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူးလူးယှက်နွယ် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အတူတကွ ယှဉ်တွဲတည်ရှိကြသည်။ တိရစ္ဆာန်နှင့် သစ်တော၊ သစ်ပင်တို့သည် ကမ္ဘာမြေကြီး၏ သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြမည့် သယံဇာတ အရင်းအမြစ်များပင်ဖြစ်သည်။**

ကိုဘုန်း(ထုတ်လုပ်)



ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ ရုပ်ကြွင်းလောင်စာကို အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ သဘာဝသယံဇာတအရင်းအမြစ်များကို ပိုမိုအသုံးပြုလာမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျမစွန့်ပစ်မှု၊ စက်ရုံအလုပ်ရုံများနှင့် ယာဉ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု စသည်တို့ကြောင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများကဲ့သို့ ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကို ကြုံတွေ့နေကြရပါသည်။ ထိုသို့ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုများကို ထိန်းသိမ်းရာတွင် သစ်ပင်စိုက်ခြင်းမှာ အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါသည်။

**ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့**

ကမ္ဘာ့ကုလသမဂ္ဂသည် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လှုံ့ဆော်တိုက်တွန်းခဲ့ပါသည်။ သစ်တော၊ သစ်ပင်ပြုန်းတီးမှုကို ကာကွယ်ရန် ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံများအား ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ပေးခဲ့ပြီး ဇူလိုင်လ ၇ ရက်နေ့ကိုလည်း ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာ့သစ်ပင် စိုက်ပျိုးရေးနေ့သည် သစ်ပင်များ၏ အရေးပါမှုကို အသိပညာမြှင့်တင်ရန်၊ ကမ္ဘာတစ်ဝန်းရှိ လူများအား သစ်ပင်စိုက်ပျိုးရန်နှင့် သစ်တောပြုန်းတီးမှုအား ဆန့်ကျင်ရန် တွန်းအားပေးရန်အတွက် သတ်မှတ်ခြင်းဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူခြင်း၊ တောရိုင်းတိရစ္ဆာန်များ နေထိုင်ရာနေရာများကို ပံ့ပိုးပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရာတွင် သစ်ပင်များ၏ အရေးပါသော အခန်းကဏ္ဍကို မီးမောင်းထိုးပြရန် ရည်ရွယ်ပါသည်။

ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ လှုပ်ရှားမှုများတွင် ပုံမှန်အားဖြင့် သစ်ပင်စိုက်ပျိုးပွဲများ၊ သစ်ပင်များ၏ အကျိုးကျေးဇူးများအကြောင်း ပညာပေးအစီအစဉ်များနှင့် ရေရှည်တည်တံ့သော သစ်တောအလေ့အကျင့်များကို မြှင့်တင်ရန် လှုပ်ရှားမှုများ ဆောင်ရွက်ကြပါသည်။ သဘာဝပတ်ဝန်းကျင်ကို နောင်လာနောက်သား မျိုးဆက်များအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် သတိပေးချက်တစ်ခုအဖြစ် ဆောင်ရွက်နေကြသည်။ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့တွင် လူမှုအသိုက်အဝန်းများနှင့် အဖွဲ့အစည်းများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့ရေးတို့အတွက် စုပေါင်းကြိုးပမ်း၍ ဆောင်ရွက်ကြသည်။

**ရာသီဥတုဖောက်ပြန်မှုကို အဓိကတွန်းအားပေးနေသည့် အကြောင်းရင်း**

ကမ္ဘာမြေပေါ်တွင် သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်မှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ "ဥတုရာသီ တောကိုမှီ၏"ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုဖောက်ပြန်မှုကို ဟန့်တားရာတွင်လည်း သစ်တောသစ်ပင်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲကြသဖြင့် သစ်တောများပြုန်းတီးကာ သစ်ပင်များ ရှားပါးလာရုံသာမက ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့် ရင်ဆိုင်နေကြရပါသည်။ သို့ဖြစ်၍ ဤကမ္ဘာမြေ သာယာလှပစိမ်းလန်းစိုပြည်ရန်၊ လူသားများနှင့်အတူ မှျဝေနေထိုင်သော သတ္တဝါများ၏ ဂေဟစနစ်မှန်ကန်စေရန် သဘာဝတောများကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

**သစ်တော၊ သစ်ပင်များ၏ အကျိုးပြုမှု**

သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အလင်းပြန်ခြင်းမှတစ်ဆင့် အောက်ဆီဂျင်ထုတ်လွှတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သောကြောင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေပြီး လေထုအရည်အသွေးကို မြှင့်တင်ပေးပါသည်။ ဂေဟစနစ်ပံ့ပိုးရာတွင် သစ်ပင်များသည် ဇီဝမျိုးစုံမျိုးကွဲများကို မြှင့်တင်ပေးပြီး ဂေဟဗေဒဆိုင်ရာ ဟန်ချက်ညီမှုကို ပံ့ပိုးပေးသည့် တောရိုင်းတိရစ္ဆာန် မျိုးစိတ်အမျိုးမျိုးအတွက် နေထိုင်ရာနှင့်အစာကို ထောက်ပံ့ပေးပါသည်။

ထို့ပြင် သစ်ပင်အမြစ်များသည် မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ပေးပြီး မြေဆီဩဇာကို ထိန်းသိမ်းပေးသည်။ ၎င်းတို့သည် ရေလည်ပတ်မှုကို ထိန်းညှိရန်နှင့် ရေလွှမ်းမိုးမှုအန္တရာယ်ကို လျှော့ချရန်လည်း အထောက်အကူပြုပါသည်။ သစ်ပင်များသည် ရှုခင်းများကို လှပစေပြီး အရိပ်အာဝါသကို ပေးကာ အပန်းဖြေရန်နှင့် အပန်းဖြေရန်အတွက် ငြိမ်းချမ်းသောပတ်ဝန်းကျင်ကို ဖန်တီးသောကြောင့် သစ်ပင်များအနီးတွင် ရှိနေခြင်းသည် စိတ်ဖိစီးမှုကို လျော့ကျ၍ စိတ်ကျန်းမာရေးကို ကောင်းမွန်စေကာ ကျန်းမာရေးကို မြှင့်တင်ပေးပါသည်။ သစ်၊ သစ်သီးများ၊ အခွံမာသီးများနှင့် သဘာဝဆေးဖက်ဝင်ထုတ်ကုန်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေးကို အထောက်အကူပြုသည့် အကျိုးကျေးဇူးများကို သစ်ပင်စိုက်ပျိုးခြင်းမှ ရရှိသည်။

**နိုင်ငံတော်အစိုးရမှ နှစ်စဉ် သစ်ပင်သိန်းပေါင်းများစွာ စိုက်ပျိုး**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှု လျော့နည်းစေရေးကို အထူးအလေးပေး လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်သော မိုးတွင်းကာလ ဇွန်၊ ဇူလိုင်လများ၌ နှစ်စဉ် သစ်ပင်သိန်းပေါင်းများစွာ စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံသည် သစ်တောစိုက်ပျိုးခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သစ်တောစိုက်ခင်း လေးသိန်းကျော် စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝတောဧက ၂ ဒသမ ၂၅ သန်းကို ကာကွယ်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် ခရိုင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်တမ်း နှစ်နှစ်အထက် ပျိုးသက်ရင့်ပျိုးပင်များနှင့် ရွာတစ်ရွာ နှစ်ဧက စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၄ မိုးရာသီတွင် စိုက်ခင်းမျိုးစုံနှင့် တစ်ရွာ နှစ်ဧက ကျေးရွာထင်းစိုက်ခင်းအပါအဝင် အပင်ပေါင်း နှစ်သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ပြီး ကျေးရွာပေါင်း ၈၀၉ ရွာကို အကျိုးပြုစေမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအနေဖြင့် သစ်တောစိုက်ခင်းမျိုးစုံအပါအဝင် သစ်ပင်ပေါင်း ၂၂ သန်းကို စိုက်ပျိုးမည်ဖြစ်သည်။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလအထိ သစ်တောနယ်မြေ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၁၃၀၄ ခု၊ နိုင်ငံ့ဧရိယာ၏ ၂၅ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ နိုင်ငံ့ဧရိယာ၏ ၆ ဒသမ ၄၂ ရာခိုင်နှုန်းဖွဲ့စည်းထားပြီး ကာလခြောက်နှစ်ကျော်ခန့်အတွင်း လျာထားချက်ပြည့်မီအောင် ကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကြီးမားသော အမျိုးသားအမွေ ရတနာသိုက်ကြီး**

မြန်မာနိုင်ငံထွက် အပင်မျိုးစုံတို့၏ အသုံးဝင်မှု၊ ဆေးဖက်ဝင်မှု၊ လူသုံးပစ္စည်းဖန်တီးနိုင်မှုတို့မှာ များလှပြီး မြန်မာ့သစ်တောကြီးများ၏ ဇီဝမျိုးစုံကြွယ်ဝမှုမှာ ကြီးမားသော အမျိုးသားအမွေရတနာသိုက်ကြီးဖြစ်သည်။ ထို့ကြောင့် သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံတို့ကို ပြုန်းတီးကွယ်ပျောက်ခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တိကျသော ဥပဒေများ ပြဋ္ဌာန်းထားပါသည်။ စိုက်သမျှသစ်ပင်များအားလုံး ရှင်သန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော အပင်များကို ရွေးချယ်တတ်ရန် လိုအပ်သည်။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော သစ်ပင်များကို ရွေးချယ်စိုက်ပျိုးသင့်သည်။ သစ်ပင်တစ်ပင်ကို ခုတ်လှဲရန် မိနစ်ပိုင်းမျှပင် မကြာမြင့်သော်လည်း အရွယ်ရောက်သည့် သစ်ပင်တစ်ပင် ဖြစ်လာရန်မှာ နှစ်ပေါင်းများစွာ စောင့်ဆိုင်းကြရသည်။ သို့ဖြစ်၍ သစ်ပင်တစ်ပင်အား အလွယ်တကူ မခုတ်လှဲသင့်သလို မဖြစ်မနေ ခုတ်လှဲမည်ဆိုပါက ခုတ်လှဲမည့် သစ်ပင်နေရာတွင် နောက်တစ်ပင် အစားထိုးစိုက်ပျိုးရမည်ဖြစ်သည်။

ကမ္ဘာမြေပေါ်ရှိ လူများ၊ သတ္တဝါများနှင့် အပင်များအားလုံးသည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေကြသည်ဖြစ်ရာ သက်ရှိသတ္တဝါအားလုံး ရေရှည်ရပ်တည်နိုင်ရန်မှာ သစ်တောသစ်ပင် ဇီဝမျိုးစုံမျိုးကွဲများကလည်း အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ သစ်တောရတနာသည် လူသားတို့အတွက် အမှန်တကယ် တန်ဖိုးကြီးမားလှပေသည်။ သစ်တောသစ်ပင်များမှ ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု အထောက်အပံ့များစွာကို ရရှိစေပါသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို ဖြေရှင်းရန်၊ ကမ္ဘာမြေအစဉ်ထာဝရ လှပနေစေရန်အတွက် သစ်ပင်များကို စိုက်ပျိုးသင့်ပါကြောင်း ဇူလိုင်လ ၇ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**သစ်ပင်များကို စည်းကမ်းမဲ့ခုတ်လှဲကြသဖြင့် သစ်တောများပြုန်းတီးကာ သစ်ပင်များ ရှားပါးလာရုံသာမက ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့် ရင်ဆိုင်နေကြရပါသည်။ သို့ဖြစ်၍ ဤကမ္ဘာမြေ သာယာလှပစိမ်းလန်းစိုပြည်ရန်၊ လူသားများနှင့်အတူ မှျဝေနေထိုင်သော သတ္တဝါများ၏ ဂေဟစနစ်မှန်ကန်စေရန် သဘာဝတောများကို ထိန်းသိမ်းကြရမည်**

# မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး ဆီထွက်သီးနှံ ဧက ၂၄ သိန်းကျော် လျာထားစိုက်ပျိုး

**မကွေး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် ဆီထွက်သီးနှံ စုစုပေါင်း လျာထားဧက ၂၄ သိန်းကျော်အနက် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ဧက ၁၃ သိန်းကျော်ကို အထူးဇုန် နှစ်ဇုန်၊ ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါသီးနှံ လျာထားဧက ၂၆၀၀၀၀ ကျော်ကို ဇုန်လေးဇုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၇/၂၀၂၄)မှ သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၅ ရက်က ကျင်းပသည့် အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ဒေသတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါး၊ မိုးဆီထွက်သီးနှံများအတွက် သွင်းအားစုများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်ချေးသွားနိုင်ရေး အချိန်မီဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိုးသီးနှံများ၏ ၅၂ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး သက်ဆိုင်ရာဌာနများအနေဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းက ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တိုင်းဒေသကြီး၏လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီး ဆီထွက်သီးနှံ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) ဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းတင်ပြကာ မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြ ဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# စစ်တွေမြို့ ကန်တော်ကြီးရေလှောင်ကန်ဧရိယာ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**စစ်တွေ ဇူလိုင် ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး စစ်တွေမြို့ ကန်တော်ကြီးရေလှောင်ကန်တွင်ပြုလုပ်သည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကံ့ကော်ပင်စိုက်ပျိုးပေးစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော် လိုဏ်ဂူအတွင်းနှင့် ရင်ပြင်တော်တို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီး ရေလှောင်ကန်တွင် ပြုလုပ်သည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့၏ ရေအရင်းအမြစ်တစ်ခုဖြစ်သည့် ကန်တော်ကြီးရေလှောင်ကန်သည် ကန်ဧရိယာတိုးချဲ့တူးဖော်ဆောင်ရွက်ခဲ့သော်လည်း သိုလှောင်နိုင်သည့် ရေပမာဏသည် လုံလောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ရခြင်း အကြောင်းအရင်းမှာ ရေလှောင်ကန်အတွင်း နုန်းအနည်အနှစ်များ ပို့ချခြင်းနှင့် ပြင်းထန်သည့် အပူဒဏ်ကြောင့် ရေငွေ့ပြန်ပြီး သိုလှောင်ထားသည့် ရေပမာဏ လျော့နည်း ဆုံးရှုံးခြင်းတို့အပြင် ရေသုံးစွဲမှုတိုးတက် များပြားလာခြင်းတို့ကြောင့်ဖြစ်ရာ သစ်တောသစ်ပင်များ ကင်းမဲ့ခြင်းကြောင့် ကန်တော်ကြီး၏ ရေဝေရေလဲဒေသအတွင်း ရေတိုက်စားခြင်း ပိုမိုဖြစ်ပေါ်လာပြီး ရေလှောင်ကန်အတွင်း နုန်းအနည်အနှစ်များ ပိုမိုဝင်ရောက်ပို့ချမှု ဖြစ်ပေါ်စေကြောင်း၊ ထိုသို့ဖြစ်ပေါ်မှုကို တားဆီး ကာကွယ်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း နည်းလမ်းသည် အလွန်ထိရောက်မှုရှိကြောင်း၊ ကန်တော်ကြီးပတ်လည်တွင် စိုက်ပျိုးထားသည့် သစ်တောသစ်ပင်များ ကြီးထွားမှုကောင်းမွန်စေရေးနှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ပြုစုထိန်းသိမ်း စောင့်ရှောက်သွားရမည်ဖြစ်သကဲ့သို့ ကန်ပတ်ဝန်းကျင်ရှိ ဒေသခံ ပြည်သူများကလည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက ရေတမာ၊ မန်ကျည်းရှား၊ စိန်တံခြူစသည့် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်ပေါင်း ၁၂၁၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# ကန့်ဘလူမြို့နယ်၌ ယခုနှစ်တွင် မိုးသီးနှံ ပဲမျိုးစုံ ဧက ၁၄၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၁၄၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မြို့နယ်အတွင်း ပဲမျိုးစုံဧက နှစ်သိန်းနှစ်သောင်းကိုးထောင်ကျော် စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ဇွန်လကုန်အထိ ၁၄၄၅၅၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ကန့်ဘလူမြို့နယ်မှာ ဒီနှစ် ပဲမျိုးစုံဧက နှစ်သိန်းနှစ်သောင်းကိုးထောင်ကျော် စိုက်ပျိုးဖို့လျာထားရာမှာ ဧက တစ်သိန်းလေးသောင်းလေးထောင်ကျော် စိုက်ပျိုးပြီးစီးနေပြီး ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားဖို့အတွက် အထွက်ကောင်း မျိုးကောင်းမျိုးသန့်တွေကို သုံးစွဲဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ ဒေသထွက်မြေသြဇာ အချိုးကျသုံးစွဲနိုင်ဖို့ကိုလည်း ဆောင်ရွက်ပေးနေပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်က ပြောသည်။

ထိုသို့စိုက်ပျိုးရာတွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ဧက ၅၆၁၈၀၊ ပဲစင်းငုံ ၈၅၄၅၅ ဧက၊ စွန်တာပြာ ၂၁၄၂ ဧက၊ ထောပတ်ပဲ ၇၇၅ ဧကနှင့် အခြားပဲ ၃ ဧက စုစုပေါင်း ၁၄၄၅၅၅ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ထားဝယ် ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ဌာနဆိုင်ရာများစုပေါင်း၍ ပြည်သူ့အကျိုးပြု လုပ်ငန်းများ အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများ စုပေါင်း၍ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း အပြင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အဖွဲ့ဝင်များ ကျောင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ သင်ကြားသင်ယူမှုတွင် အထောက်အကူ ဖြစ်စေရန်၊ စာကြည့်တိုက်မှတစ်ဆင့် အမျိုးသား ယဉ်ကျေးမှု မြတ်နိုးစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားရှိသည့် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းဝင်းအတွင်း သုံးထပ်ကျောင်းဆောင် အသစ်ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်တွင်း - ပြည်ပ ခရီးစဉ်များကို အရစ်ကျလည်ပတ်နိုင်ရန် Travel Loan အစီအစဉ်ကို မြန်မာ့ခရီးသွားဘဏ်က ပြုလုပ်

ရန်ကုန် ဇူလိုင် ၆

ဗုဒ္ဓဘာသာဝင်များ အဓိကသွားရောက်ဖူးမြော်ကြသည့် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် အပါအဝင် ပြည်တွင်းပြည်ပ ခရီးစဉ်များကို အရစ်ကျပေး၍ သွားရောက်လည်ပတ်နိုင်စေရန် ခရီးသွားချေးငွေ (Travel Loan) အစီအစဉ်ကို မြန်မာ့ခရီးသွားဘဏ် (Myanma Tourism Bank) က ဆောင်ရွက်ပေးနေကြောင်း ဘဏ်၏တာဝန်ရှိသူ မသိင်္ဂီလင်းထံမှ သိရသည်။

ခရီးသွားလုပ်ငန်း၏ ဒေါက်တိုင်တစ်ခုအဖြစ်ရှိနေသည့် မြန်မာ့ခရီးသွားဘဏ်သည် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ်နိုင်ရန် ချေးငွေများ ထုတ်ပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးနေကြောင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်လက်အောက်တွင်ရှိသော ဟိုတယ်နှင့် ဆက်စပ်နေသည့် ခရီးသွားအသင်း ၁၂ သင်းကိုလည်း ဘဏ္ဍာရေးပိုင်းဆိုင်ရာများ ပံ့ပိုးပေးနိုင်ရန် အသင်းအဖွဲ့များနှင့် မူဝါဒစာချုပ်များကို ကိုဗစ်ကာလမှ ယခုအချိန်အထိ ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း မြန်မာ့ခရီးသွားဘဏ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ပြောသည်။

ထို့ပြင် ပုဂ္ဂလိကဝိုင်းကြီးချုပ်စနစ်ဖြင့် အာမခံပြီး ခရီးသွားချေးငွေ (Travel Loan) သာမက အုပ်စုလိုက်ခရီးသွားချေးငွေ (Corporate Travel Loan)နှင့် ခရီးသွားကုမ္ပဏီများနှင့်ပူးပေါင်းပြီး စီစဉ်ပေးထားသော ခရီးစဉ်အလိုက် ခရီးသွားအစီအစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ "ကုမ္ပဏီတွေက သူတို့ရဲ့ ဝန်ထမ်းတွေ မိသားစုလိုက်သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း ခရီးသွားမယ်ဆိုရင် ဘဏ်ကနေ ချေးပေးပြီး ကုမ္ပဏီကတာဝန်ယူပြီး HR ကနေ ပြန်ဆပ်တာမျိုးပါ။ ဆပ်တဲ့အခါမှာလည်း ခြောက်လဆပ်မယ်။ တစ်နှစ်ဆပ်မယ်။ အဲဒီလိုမျိုး Corporate Travel loanတွေ စီစဉ်ပေးပါတယ်"ဟု ဘဏ်တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလတွင် ပြည်တွင်းခရီးသွားအချို့အနေဖြင့် ခရီးသွားကုမ္ပဏီများက စီစဉ်ပေးသည့် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံသို့ ခရီးစဉ်များကို အရစ်ကျစနစ်ဖြင့် သွားရောက်ခဲ့ကြကြောင်း၊ ယခုမိုးရာသီတွင် ရှမ်းပြည်နယ် ကလောခရီးစဉ်နှင့် ပုဂံခရီးစဉ်နှစ်ခုကို အရစ်ကျအစီအစဉ်ဖြင့် သွားလာနိုင်ရန် ပုဂ္ဂလိကခရီးသွားကုမ္ပဏီတစ်ခုက ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့ခရီးသွားဘဏ်ကို ရန်ကုန်မြို့၌ ဆူးလေ(ရုံးချုပ်)နှင့် ဘဏ်ခွဲခုနစ်ခု၊ မန္တလေးမြို့ပေါ်၌ ဘဏ်ခွဲလေးခု၊ နေပြည်တော်၊ မူဆယ်၊ တောင်ကြီး၊ မုံရွာနှင့် မြဝတီတို့၌ ဘဏ်ခွဲတစ်ခုစီ ဖွင့်လှစ်ထားရှိရာ ဘဏ်ခွဲစုစုပေါင်း ၁၇ ခု ရှိပြီဖြစ်ကြောင်း သိရသည်။

ယဉ်လာဒ်

ဓာတ်ပုံ - LTE Tour



မြန်မာခရီးသွားများ အများဆုံး သွားရောက်ဖူးမြော်ကြသည့် ဘန်ကောက်မြို့မှ ဆုတောင်းပြည့်နဂါးဘုရား။

## မြန်မာစာ မြန်မာစကား

### ဝါကျအထားအသို

၇။ (က) မန္တလေးမြို့ သမားတော်ကြီး ဦးအုန်းရွှေ ပြုစုသော **လက်တွေ့** အနာပေါက် ကုထုံးကျမ်း ထွက်ပြီ။

**[လက်တွေ့ပေါက်နေသော အနာကို ကုသနိုင်သော ကုထုံးကျမ်း ထွက်ပြီ။]**



( ခ ) မန္တလေးမြို့ သမားတော်ကြီး ဦးအုန်းရွှေ ပြုစုသော **အနာပေါက်** လက်တွေ့ ကုထုံးကျမ်း ထွက်ပြီ။

**[အနာပေါက်ရောဂါများကို လက်တွေ့ ကုသနိုင်သော ကျမ်း ထွက်ပြီ။]**

၈။ (က) အထက (၁)ရန်ကင်း၊ **စတုတ္ထတန်း (ခ)** မှ ဦးပိုးဇာ၏ သား မောင်ပြည့်ဖြိုးပိုင်အား မောင်ပြည့်ဖြိုးပိုင်စိုး ဟု ခေါ်ပါရန်၊

**[ဦးပိုးဇာသည် အထက (၁) ရန်ကင်း၊ စတုတ္ထတန်း (ခ) တွင် တက်ရောက်နေသူဖြစ်သည်။]**



(ခ) ဦးပိုးဇာ၏ သား အထက(၁)ရန်ကင်း၊ **စတုတ္ထတန်း (ခ)**မှ မောင်ပြည့်ဖြိုးပိုင်အား မောင်ပြည့်ဖြိုးပိုင်စိုးဟု ခေါ်ပါရန်၊

**[မောင်ပြည့်ဖြိုးပိုင်စိုးသည် အထက(၁) ရန်ကင်း၊ စတုတ္ထတန်း(ခ)တွင် တက်ရောက်နေသူဖြစ်သည်။]**

**မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

# နတ်မောက်မြို့နယ်၌ စိုက်ပျိုးထားသည့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်း၍ စတင်ရိတ်သိမ်းလျက်ရှိ

နတ်မောက် ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့သည် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံအဓိကစိုက်ပျိုးသည့်မြို့နယ်ဖြစ်ကာ ဆီဖူလုံမှုရရှိပြီး ပြည်ပမှ ဆီတင်သွင်းမှုလျှော့ချနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် အဆိုပါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းသဖြင့် စံကွက်များကို စတင်ရိတ်သိမ်းနေပြီဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

နတ်မောက်မြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် နှမ်း ၇၈၅ ဧက စိုက်ပျိုးခဲ့ပြီး နတ်မောက်တမံဆည်ရေသောက်စနစ်ဖြင့် နှမ်း ၂၈၅ ဧက၊ ကျောက်တံခါးတမံဆည်ရေသောက်စနစ်ဖြင့် နှမ်း ၄၉၈ ဧကနှင့် မြေအောက်ရေနှင့် နှစ်ဧက စိုက်ပျိုးထားကြောင်း၊ နှမ်းများမှာ အထွက်နှုန်းကောင်းမွန်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုထံမှ သိရသည်။

"နှမ်းတွေအောင်မြင်ဖြစ်ထွန်းမှုအတွက် စံကွက်ရိတ်သိမ်းတဲ့အခါမှာ တစ်ဧကအထွက်နှုန်း ၂၁ဒသမ ၂၂ တင်းနှုန်းခန့် ရရှိပါတယ်။ ဒါကြောင့် စိုက်ပျိုးထားတဲ့ နှမ်းများဟာ အထူးအောင်မြင်ဖြစ်ထွန်းနေပါတယ်။ အခုလိုအောင်မြင်ဖြစ်ထွန်းဖို့ ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စတင်စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းချိန်အထိ အပင်ပြုစုမှုနည်းစနစ်တွေကို လက်တွေ့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သလို တောင်သူတွေအနေနဲ့ကလည်း စိုက်ပျိုးနည်းစနစ်တွေကို နည်းစနစ်တကျ လိုက်ပါလုပ်ဆောင်ကြတဲ့အတွက် အောင်မြင်ဖြစ်ထွန်းခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံ အထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး မြို့နယ်ဆီထွက်သီးနှံ အထူးဖုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**



# တပ်ကုန်းမြို့နယ်၌ မိုးမြေပဲများကို လျာထားချက်ထက် ဧက ၅၀၀၀ နီးပါး ကျော်လွန်စိုက်ပျိုးနိုင်

တပ်ကုန်း ဇူလိုင် ၆

တပ်ကုန်းမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးမြေပဲ ၁၅၀၁၇ ဧက စိုက်ပျိုးရန်လျာထားချက်ထက် ၄၈၃၇ ဧကကျော်လွန် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ်၌ ယခင်နှစ်က မိုးမြေပဲ ၁၅၀၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကေ ပျမ်းမျှအထွက် ၄၈ ဒသမ ၅၄ တင်းနှုန်း ထွက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးမြေပဲ ၁၅၀၁၇ ဧက ထပ်မံလျာထားပြီး တောင်သူများက မေလဆန်းတွင် စတင်စိုက်ပျိုးခဲ့ကြရာ ဇူလိုင်လအထိ ၁၉၈၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးပြေးဆေး ပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများအား ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

**ရတနာသစ်တော၊ ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ**

# မာဆွတ်ဒ် ပီဇက်ရှ် ကီယန် အီရန်သမ္မတအဖြစ် ရွေးကောက်ခံရ

**တီဟီရန် ဇူလိုင် ၆**

အီရန်နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဟောင်း ဖြစ်သူ မာဆွတ်ဒ် ပီဇက်ရှ်ကီယန်သည် နိုင်ငံ၏ ၁၄ ဦးမြောက် သမ္မတအဖြစ် ရွေးကောက်ခံရကြောင်း အီရန်ဗဟို ရွေးကောက်ပွဲကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ မိုဆန်အက်စ်လာမီက ဇူလိုင် ၆ ရက်တွင် ကြေညာသည်။

ပြုပြင်ပြောင်းလဲရေးသမား ပီဇက်ရှ် ကီယန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားဆွေးနွေးပွဲများတွင် အီရန်၏ ညှိနှိုင်းရေးမှူးချုပ်ဟောင်း ဆာအိဒ်ဂျာလီလီတို့အကြား သောကြာနေ့က တစ်ကျော့ပြန်ကျင်းပသည့် ရွေးကောက်ပွဲရလဒ်များကို အက်စ်လာမီက ကြေညာခဲ့သည်။

ဆန္ဒမဲအားလုံးအနက် ပီဇက်ရှ် ကီယန်က ၁၆၃၈၄၄၀၃ မဲနှင့် ဂျာလီလီက ၁၃၅၃၈၁၇၉ မဲရရှိကြောင်း အက်စ်လာမီက ပြောကြားသည်။ နိုင်ငံတစ်ဝန်းနှင့် ပြည်ပမှ မဲရုံပေါင်း ၅၈၀၀၀ နီးပါးတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီမှစတင်ကာ တစ်ကျော့ပြန်ဆန္ဒမဲပေးခဲ့ခြင်းဖြစ်သည်။ အသက် ၆၉ နှစ်အရွယ် ပီဇက်ရှ် ကီယန်သည် နှလုံးအထူးကုဆရာဝန်တစ်ဦးဖြစ်ပြီး လက်ရှိတွင်လည်း နိုင်ငံပါလီမန်တွင် အမတ်တစ်ဦးဖြစ်သည်။

၎င်းသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း အီရန်သမ္မတဟောင်း မိုဟာမက်ခါတာမီ အစိုးရလက်ထက်တွင် ကျန်းမာရေးဝန်ကြီးအဖြစ်နှင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လွှတ်တော်၏ ဒုတိယလွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် သမ္မတရွေးကောက်ပွဲ ပထမအကျော့တွင် ၁၀၄၁၅၉၉၁ မဲ ရရှိပြီး မဲစုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းကျော် ရရှိကြောင်း သိရသည်။

ဆင်ဟွာ


သမ္မတအဖြစ် ရွေးကောက်ခံရသည့် မာဆွတ်ဒ်ပီဇက်ရှ်ကီယန်။

# သီရိလင်္ကာနိုင်ငံ၌ ပထမနှစ်ဝက်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရရှိ

**ကိုလံဘို ဇူလိုင် ၆**

သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျော်အထိရရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၇၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သီရိလင်္ကာဗဟိုဘဏ် (စီဘီအက်စ်အယ်) က ၎င်း၏ နောက်ဆုံးအပတ်စဉ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်အတွင်း ခရီးသွားဝင်ရောက်မှု အရေအတွက်သည် ၁ ဒသမ ၀၁ သန်း ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၆၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းသည် ဇွန်လတွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၄ သန်း ရရှိခဲ့ပြီး ယမန်နှစ်က ၁၀၀ ဒသမ ၃ သန်းသာ ရရှိခဲ့သည်။




တစ်ချိန်တည်းတွင် ယခုနှစ် ပထမခြောက်လအတွင်း လုပ်သားများ၏ လွှဲပို့ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄ ဘီလီယံရှိပြီး ယခင်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံသာ လွှဲပို့နိုင်ခဲ့ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းနှင့် လုပ်သားများ လွှဲပို့ငွေများသည် သီရိလင်္ကာနိုင်ငံအတွက် ထိပ်တန်းနိုင်ငံခြားငွေ ရရှိမှုများထဲမှ တစ်ခုဖြစ်သည်။

ဆင်ဟွာ

# မုတ်သုံရာသီစတင်ချိန် ပါကစ္စတန်ပြည်နယ်များတွင် ရေလွှမ်းမိုးမှုအန္တရာယ်အတွက် သတိပေးချက်ထုတ်ပြန်

**အစ္စလာမ္မာဘတ် ဇူလိုင် ၆**

ပါကစ္စတန်နိုင်ငံ နေရာအနှံ့အပြားတွင် မုတ်သုံရာသီစတင်ချိန် မိုးအဆက်မပြတ် ရွာသွန်းမှုများဖြစ်ပေါ်နေသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ပါကစ္စတန်အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က သတိပေးချက်ထုတ်ပြန်ထားသည်။

မိုးရွာသွန်းမှုကြောင့် ပန်ဂျပ်အရှေ့ဘက်နှင့် အနောက်မြောက်ပိုင်း ခိုင်ဘာ ပတ်ထွန်ခဝါ ပြည်နယ်တို့တွင် လျှပ်တစ်ပြက်ရေကြီးနိုင်သည်ဟု အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အောက်ရှိ အမျိုးသားအရေးပေါ် ကယ်ဆယ်ရေးစင်တာက ဇူလိုင် ၅ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ပြည်နယ်နှစ်ခုရှိ ခရိုင်အများအပြားတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့ပြရေကြီးမှုများ ဖြစ်လာနိုင်ကြောင်း အထူးသဖြင့်လူဦးရေ ထူထပ်သည့် မြို့ကြီးများတွင် ရေကြီးရေလျှံမှုဖြစ်လာနိုင်ကြောင်း ထုတ်ပြန်ထားသည်။

သတိပေးချက်များ၊ လမ်းညွှန်ချက်များနှင့် မြို့ပြရေကြီးမှုအတွက် ကြိုတင်ကာကွယ်နိုင်ရေး အသိပေးချက်များ ပံ့ပိုးပေးထားသည့် မိုဘိုင်းအပလီကေးရှင်းကို ဒေါင်းလုဒ်ရယူရန် အာဏာပိုင်များက ပြည်သူများကို သတိပေးထားသည်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံ၌ ငါးပူတင်းစားမိ၍ ခုနစ်ဦး နေမကောင်းဖြစ်ပြီးနောက် ငါးပူတင်းမစားကြရန် သတိပေး

**ဖနောင်ပင် ဇူလိုင် ၆**

ကမ္ဘောဒီးယားနိုင်ငံအလယ်ပိုင်း ကမ်ပွန်ချာနန်းပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း ငါးပူတင်းစားမိ၍ ဆေးရုံတက်ရသူ ခုနစ်ဦး ရှိခဲ့ပြီးနောက် ငါးပူတင်းစားသုံးခြင်းမပြုကြရန် ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၆ ရက်တွင် သတိပေးချက်ထုတ်ပြန်သည်။

ငါးပူတင်းစားပြီးနောက် ပြင်းထန်သည့်ရောဂါ လက္ခဏာများပြလာသည့်အတွက် အရေးပေါ်ဆေးကုသမှုခံယူနေရသူ ခုနစ်ဦးရှိကြောင်း၊ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူပြီးနောက် ၎င်းတို့ ခုနစ်ဦးစလုံးပြန်လည်ကျန်းမာလာပြီဟုလည်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာထားသည်။

ငါးပူတင်းတွင် ပါဝင်သည့်အဆိပ်ကြောင့် အပြင်းအထန်ဖျားနာခြင်းသို့မဟုတ် သေဆုံးသည်အထိ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် အဆိုပါငါးကို စားသုံးခြင်းမပြုကြရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

အဆိုပါအဆိပ်ပြင်းငါးကိုစားမိပြီးနောက် မိနစ် ၂၀ မှ နှစ်နာရီအတွင်း ဖြစ်ပေါ်လာနိုင်သည့် ရောဂါလက္ခဏာများမှာ ထုံကျဉ်ခြင်း၊ ပါးစပ်တစ်ဝိုက်နှင့် ခြေလက်များထုံကျဉ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ တံတွေးကျခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းလျှောခြင်းတို့ ဖြစ်သည်။

အဆိုပါရောဂါလက္ခဏာများသည် လေဖြတ်ခြင်း၊ သတိလစ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ချို့ယွင်းခြင်းတို့အထိ ဖြစ်လာပြီး အသက်ဆုံးရှုံးနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် စက်သုံးဆီဆိုင်မီးလောင် နှစ်ဦးသေဆုံး

**ကဘူးလ် ဇူလိုင် ၆**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နင်မ်ရို့ဇ်ပြည်နယ် မြို့တော်ဇာရန့်ဂျ်တွင် စက်သုံးဆီဆိုင် မီးလောင်မှု ဖြစ်ပွားရာ နှစ်ဦး သေဆုံးခဲ့သည်ဟု ဇူလိုင် ၅ ရက်တွင် ပြည်တွင်းမီဒီယာများ၌ ဖော်ပြထားသည်။

အကောက်ခွန် ဂိတ်ရှေ့ရှိ ဆီဆိုင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦး သေဆုံးသွားခဲ့သည်ဟု ဒေသခံများက ဇူလိုင် ၅ ရက်တွင် ပြောသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ရဲဌာနက မည်သည့်မှတ်ချက်မျှ မပေးသော်လည်း အကောက်ခွန် အာဏာပိုင်များက မီးလောင်ရသည့်အကြောင်းအရင်းကို ရှာဖွေရန် ကြိုးစားနေကြသည်။

ဆင်ဟွာ



# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် မိုးကြိုးပစ်ခတ်မှုများကြောင့် ၁၉ ဦးထက်မနည်းသေဆုံး

## မုတ်သုံရာသီစတင်သည့်နှစ်တိုင်း မိုးကြိုးပစ်ခတ်မှုများကြောင့် လူပေါင်းရာချီ သေဆုံး

**နယူးဒေလီ ဇူလိုင် ၆**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် မိုးကြိုးပစ်မှုများကြောင့် ၁၉ ဦးထက်မနည်း သေဆုံးပြီး အခြား ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရပိုင် အိန္ဒိယအသံလွှင့်ဌာန (အေအိုင်အာရ်)က စနေနေ့တွင် ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် မိုးကြိုးမုန်တိုင်းများကို ပြည်နယ်ရှိ ခရိုင် ၁၀ ခု ထိခိုက်ခံစားခဲ့ရကြောင်း၊ သေဆုံးသူအများစုမှာ မိုးရွာသွန်းချိန်အတွင်း လယ်ကွင်းများတွင် အလုပ်လုပ်ကိုင်နေသူများနှင့် သစ်ပင်များအောက်တွင် ခိုလှုံနေကြသူများဖြစ်ကြောင်း အစီရင်ခံဖော်ပြချက်များအရ သိရသည်။

အိန္ဒိယမိုးလေဝသဦးစီးဌာနသည် ဘီဟာပြည်နယ်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းစသည့် ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မိုးကြိုးပစ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းကာ လာမည့် ၂၄ နာရီအတွက် အဝါရောင်သတိပေးချက် ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံတွင် မုတ်သုံရာသီစတင်သည့်နှစ်တိုင်း မိုးကြိုးပစ်သည့် ဖြစ်ရပ်များကြောင့် လူပေါင်းရာချီ သေဆုံးကြောင်း သိရသည်။ **ဆင်ဟွာ**

# ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၆**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နှင့် ခိုလမ်မြို့တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီမြို့သစ်ရှိ နည်းပညာတက္ကသိုလ် (တောင်ငူ)၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။ **(အပေါ်ယာပုံ)**

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့အထိ ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ရေမှတ်အထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသောကြောင့် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါ်မိုင်းရပ်ကွက်ရှိ တောရကျောင်းတိုက်နှင့် ကင်းတော်ကျေးရွာရှိ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များအား ဆွမ်းဆန်နှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ မြေပြိုမှုဖြစ်ပေါ်လျက်ရှိသည့် လားဝယ်ကျေးရွာ၌ ရေလွှဲမြောင်းများ တူးဖော်ပေးခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သောအိမ်ထောင်စုများကို ရေဘေးကင်းလွတ်ရာနေရာများဖြစ်သည့် မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း) စသည့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “တောင်ဒဂုံစိုးကြီး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၈) ရပ်ကွက်နေ စိုးသီဟ(ခ)စိုးကြီးအား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် အောင်စည်တော်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၆ ရက်က မဟာဝိသုတာရာမကျောင်းတိုက်၌ ပြုလုပ်ရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးသန်းဌေးက ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားအတည်ပြုချက်ရယူကာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအောင်စိုးက သမဝါယမအသင်း ဥပဒေ၊နည်းဥပဒေညွှန်ကြားလွှာများ ရှင်းလင်းပြောကြားစဉ်။

အာကာလင်း

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဇူလိုင် ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**



# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညောင်ဦးမြို့ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသင့်ပြင်ဆင်စုဖွဲ့ ထားရှိ

**ညောင်ဦး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၅)အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့် အခြားသောသဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ဖြေရှင်းကူညီဆောင်ရွက်နိုင်ရေးအတွက် ရှာဖွေကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ အသင့်ပြင်ဆင်စုဖွဲ့ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့ အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်သွားနိုင်ရန်အတွက် ရှာဖွေကူညီကယ်ရေးလုပ်ငန်းသုံးပစ္စည်းများ အသုံးပြု၍ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကာ အသင့်စုဖွဲ့ထားရှိပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**





# တောင်တွင်းကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြင်ဆင်ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ကူညီဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့်အတူ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ကာ အသင့်စုဖွဲ့ထားရှိခြင်း၊ ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ရှာဖွေစုဆောင်းထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်း အသုံးပြုပုံများအား လက်တွေ့သရုပ်ပြခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုခြင်းများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုကာ သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အားလုံးချိတ်ဆက် ကူညီပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။ **ရန်နောင်စိုး(ပြန်/ဆက်)**




# မူဆယ်မြို့၌ ကျောင်းအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**မူဆယ် ဇူလိုင် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသန့်ရှင်းရေးနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၇ နာရီက ပြုလုပ်သည်။

ခြင်ဆေးဖျန်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက ဦးဆောင်၍ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ကျောင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်သည်။ ထို့အပြင် ရပ်ကွက်အတွင်း လှည့်လည်၍ လမ်းဘေးမြက်များ ရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနေအိမ်များရှိ ရေသိုလှောင်ကန်များ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**



# တုန်လှုပ်မှုမရှိအောင် နေထိုင်ခြင်း

လူသားတွေ ဘဝတစ်လျှောက် လောကဓံတရားတွေနဲ့ ရင်ဆိုင်ကြရတဲ့အခါ တုန်လှုပ်မှုအမျိုးမျိုး ဖြစ်ပေါ်ကြလေ့ရှိပါတယ်။ စီးပွားရေး ပျက်စီးသွားလို့၊ ချစ်ခင်ရတဲ့သူတွေနဲ့ ကွေကွင်းရလို့၊ သေဘေးနဲ့ ကြုံရလို့ စသည်ဖြင့် ရင်ဆိုင်ရတဲ့အခါ တုန်လှုပ်မှုတွေ ဖြစ်ကြရပါတယ်။ ဒါဟာ လောကဓံပဲမို့ လူတိုင်း တွေ့ကြုံရမယ့် ကိစ္စပါ။

အေးမိုးလှိုင်

“ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ” တဲ့။ အနက်အဓိပ္ပာယ်ကတော့ လောကဓမ္မေဟိ- လောကဓံတရား ရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ-တွေ့ထိသော၊ ယဿ-အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏၊ စိတ္တံ- စိတ်သည်၊ နကမ္ပတိ-မတုန်လှုပ်လို့ ဖွင့်ဆိုထားပါတယ်။ ဘုရား၊ ရဟန္တာကလွဲရင် ပုထုဇဉ် သာမန်လူပုဂ္ဂိုလ်တွေဟာ ဒီလောကဓံတရားရှစ်ပါးနဲ့ တွေ့လာတဲ့အခါ မခံနိုင်ကြတော့ပါဘူး။ အကုသိုလ်တွေ ပိုပြီးတိုးလာကြတော့တာပဲ။ လောကဓံတရား ရှစ်ပါးမှာ အကောင်းလေးပါး၊ အဆိုးလေးပါး ဒွန်တွဲနေကြပါတယ်။

အကောင်းလောကဓံတရားလေးပါးက လာဘ- လာဘ်လာဘရခြင်း၊ ယသ- အခြွေအရံများခြင်း၊ ပသံသာ-ချီးမွမ်းခံရခြင်း၊ သုခ-ချမ်းသာခြင်းတို့ ဖြစ်ပြီး အဆိုးလောကဓံတရားလေးပါးကတော့ အလာဘ-လာဘ်လာဘချို့တဲ့ခြင်း၊ အယသ-အခြွေအရံကင်းမဲ့ခြင်း၊ နိန္ဒ-အကဲ့ရဲ့ခံရခြင်း၊ ဒုက္ခ-ဆင်းရဲခြင်းတွေပဲ ဖြစ်ပါတယ်။

**လူတိုင်း ကြုံတွေ့ ခံစားရသည့် လောကဓံတရား(၈)ပါး**

| အကောင်း ၄ ပါး | အဆိုး ၄ ပါး |
|---|---|
| လာဘ = ပစ္စည်းဥစ္စာရခြင်း။ | အလာဘ = ပစ္စည်းဥစ္စာမရခြင်း |
| ယသ = အခြွေအရံများခြင်း။ | အယသ = အခြွေအရံမရှိခြင်း။ |
| ပသံသာ = ချီးမွမ်းခံရခြင်း။ | နိန္ဒာ = အကဲ့ရဲ့ခံရခြင်း။ |
| သုခ = ကိုယ် စိတ် ချမ်းသာခြင်း။ | ဒုက္ခ = ကိုယ် စိတ် ဆင်းရဲခြင်း။ |

## မြတ်စွာဘုရားရှင်က သာဓကတွေပြ ဟောကြားတော်မူ

မြတ်စွာဘုရားရှင်က သာဓကတွေပြပြီး ဟောကြားတော်မူတာတွေ ရှိပါတယ်။ ပဋာစာရီဆိုတဲ့အမျိုးသမီးဟာ မိဘမောင်ဖွား၊ ယောကျ်ားနဲ့သား မျက်စိရှေ့မှာ သေဆုံးခဲ့ရတော့ တုန်လှုပ်ပြီး ရူးသွပ်သွားတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ဘုရားရှင်နဲ့ တွေ့မှ ဘုရားဟောကြားတဲ့ တရားတော်တွေကို နာယူဆင်ခြင်ရင်း ရဟန္တာထေရီရီ ဖြစ်သွားတာလည်း နာယူမှတ်သားဖူးကြမှာပါ။

စာရေးသူကိုယ်တိုင် ကြုံတွေ့နေရတဲ့ လောကဓံကိုလည်း ဖော်ပြချင်ပါတယ်။ စာရေးသူဟာ အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ အသက်အရွယ်ရောက်လာတော့ မကျန်းမမာဖြစ်လာတဲ့အခါ အမျိုးသမီးတို့ရဲ့ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာအရ သွေးရိုးသားရိုး သာမန်နေမကောင်းမှုပဲလို့ ထင်ခဲ့မိတယ်။ ဆရာဝန်တစ်ဦးရဲ့ အကြံပေးမှုကြောင့် သားဖွားမီးယပ်ဆရာဝန်နဲ့ပြသလိုက်လို့ အဖြစ်မှန်သိလိုက်ရတဲ့အခါမှ ထိတ်လန့်တုန်လှုပ်မှုကို ပထမဆုံး ရင်ဆိုင်လိုက်ရပြီး ဘာမှကို သတိမရှိနိုင်တော့ပါဘူး။ စာရေးသူရဲ့ရောဂါဟာ အမျိုးသမီးများ ဖြစ်ပွားနိုင်လေ့ရှိတဲ့ သားအိမ်ခေါင်းကင်ဆာ ရောဂါအဆင့်(၃) ဖြစ်နေတာပါ။

ရန်ကုန်မှာ ခေတ္တတာဝန်ထမ်းဆောင်နေချိန် မိဘ၊ မောင်နှမတွေလည်း အနားမှာမရှိတော့ ရူးမတတ်၊ သေလောက်အောင် စိတ်ညစ်ညူးပြီး လူ့ဘဝကို စိတ်ကုန်လိုက်တာလို့ စဉ်းစားမိခဲ့ပါတယ်။ အဲဒီအချိန်မှာ စာရေးသူရဲ့ ဘကြီးဖြစ်သူက ဖုန်းဆက်တော့မှ သတိဝင်လာပြီး “ငါပြန်မယ်၊ ဒီလိုရောဂါဆိုတာ ဆေးခန်းလောက်နဲ့မရဘူး၊ ဆေးရုံကြီးမှာ သေချာပြသကုသမှုခံယူရမယ်” လို့ တွေးပြီး နေပြည်တော်ကို ခဏပြန်လာခဲ့ပါတယ်။ နေပြည်တော်ဆေးရုံဝင်းထဲရောက်လို့ အရွယ်စုံ၊ ရောဂါစုံ၊ ဒေသစုံက လူတွေကိုတွေ့ပြီး “ငါစိတ်ပျက်အားငယ်လို့ မရဘူး၊ ပျောက်ကင်းအောင်ကုရမယ်” လို့ သန္နိဋ္ဌာန်ချခဲ့ပါတယ်။

စာရေးသူရဲ့ လောကဓံဟာ ဒါလောက်နဲ့ပဲ မပြီးခဲ့ပါဘူး။ စာရေးသူရဲ့ဘဝကို အဆုံးသတ်ဖို့ စဉ်းစားတဲ့နေ့က ဖုန်းဆက်လာတဲ့ ဘကြီးဖြစ်သူဟာ သုံးလလောက်အကြာမှာပဲ နှလုံး၊ အဆုတ်ရောဂါနဲ့ ကွယ်လွန်သွားခဲ့ရပါတယ်။ ဒီလို ထပ်ဖြစ်လာတော့ မည်သို့ပင် အသိ-သတိထားရင်းနဲ့ကို ပဋာစာရီလို ချာချာလည်သွားခဲ့ရပါတယ်။ မိဘ၊ မောင်နှမ၊ ဆွေမျိုး၊ မိတ်ဆွေတွေက နှစ်သိမ့်လာခဲ့ကြပေမယ့် သတိက ကပ်လိုက်၊ ကွာလိုက်ပါပဲ။

## နောက်ဆုံးထွက်သက်အထိ ကြံ့ခိုင်အောင် စိတ်ကိုပြင်ဆင်

ဒီလိုနဲ့ ရောဂါကိုတွန်းလှန်ရင်း တစ်နှစ်ကျော်လာပြီး ဆရာတော်ကြီးတွေရဲ့ တရားအဆုံးအမများစွာကို နာယူလိုက်ရတော့မှ “ဩော်… ဒါ လူတိုင်း တွေ့ကြုံရတဲ့ လောကဓံပဲ။ ဘုရားနဲ့ ရဟန္တာတွေတောင်မှ တွေ့ကြုံရပြီး ဒီလောကဓံရှစ်ပါးကို ကြံ့ကြံ့ခံသွားကြတာပဲ။ ငါလည်း တစ်ခုခုဖြစ်လာရင် အမှတ်ရှိရှိနဲ့ သတိကပ်တော့မယ်။ ဒါမှ တုန်လှုပ်မှုမရှိအောင် နေနိုင်မှာ”ဆိုပြီး ကြံ့ခိုင်လာခဲ့ရပါတယ်။ နောက်ဆုံးထွက်သက်အထိ ကြံ့ခိုင်အောင်ကြိုးစားဖို့ စိတ်ကို ပြင်ဆင်နေရပါတယ်။

လူအတော်များများ ပြောလေ့ရှိကြပါတယ်။ “ငါ့ကျမှ ဘဝကြီးဟာ ဒီလိုဖြစ်ရတယ်။ မတရားဘူး။ ဒီလောကကြီးထဲ ရောက်လာတာ မထိုက်တန်ဘူး” ဆိုပြီး မိမိကိုယ်ကိုရော၊ လောကကြီးကိုပါ ပြစ်တင်ဝေဖန်ရင်း နေထိုင်ကြသူတွေ ဒုနဲ့ဒေးပါပဲ။ ငါခံစားနေရတဲ့အပူတွေ၊ ငါ့လောက်ပူလောင်တဲ့လူ ရှိရောရှိနိုင်ပါ့မလားလို့ မတွေးလိုက်ပါနဲ့။ ဘုရားရှင်တောင်မှ အရှက်ခွဲခံ၊ အဆဲခံ၊ တံတွေးနဲ့ ထွေးတာခံခဲ့ရသလို ဝေဠုဝရွာမှာ တစ်ဝါတွင်းလုံး ဆွမ်းမရလို့ ဂျုံနဲ့ပဲ ဆွမ်းကိစ္စပြီးခဲ့ရပါတယ်။ လူသေအလောင်းက အဝတ်ကိုခွာပြီး သင်္ကန်းအဖြစ် ဝတ်ခဲ့ရတယ်။ နိပါတ်တော်တွေထဲမှာ တရားထူး ရသွားသူတွေဟာ အကြီးစားလောကဓံတရားကို ခံစားခဲ့ရသူတွေပါ။

လူ့လောကကို ရောက်လာကြသူတိုင်းဟာ ခန္ဓာရှိနေသရွေ့ လောကဓံတရားကို ရှောင်လို့ မရနိုင်ပါဘူး။ အသိတစ်ခုရသွားမှသာလျှင် တွေ့ကြုံလာရတဲ့ လောကဓံကို ခံနိုင်ရည်ရှိနိုင်မှာပါ။ မဟာဗောဓိမြိုင်ဆရာတော်ကြီးက ဒုက္ခသစ္စာကို သံဝေဂဉာဏ်နဲ့ပေါင်းပြီး မဂ္ဂသစ္စာဆိုက်အောင် လုပ်မှသာလျှင် လောကဓံတရားကို ကျော်လွှားနိုင်မှာလို့ ဟောကြားတော်မူပါတယ်။ တစ်ဖန် ဖားအောက်ဆရာတော်ကြီးကလည်း လောကဓံလေပြင်းမုန်တိုင်းတွေကြောင့် တုန်လှုပ်ခြင်းမရှိဘဲ စိတ်ကို အလယ်ခေါင်မှာ ငြိမ်ဝပ်စွာထားနိုင်တဲ့ စိတ်ထားလေးတစ်ခုကို တာဒိဂုဏ်လို့ ခေါ်ပါတယ်တဲ့။ အဲဒီ တာဒိဂုဏ်နဲ့ ပြည့်စုံတဲ့အဆင့်ရောက်အောင် ဘုရားရှင်ရဲ့ ပဋိပတ်တရားတော်က အစ၊ အလယ်၊ အဆုံးဆိုတဲ့ ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့တရားတော်ပဲ ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ပဋိပတ်တရားတော်တို့ဟာ အစွန်းလွတ်အောင် ဟောကြားတော်မူတဲ့ တရားတော်တွေမို့ “သွာက္ခာတဂုဏ်”နဲ့ ပြည့်စုံတဲ့ တရားတော်တွေ ဖြစ်ကြပါတယ်။

## လောကဓံတရားရှစ်ပါးကို သိထားမှ ကြံ့ကြံ့ခံနိုင်

ဒါကြောင့် ဆရာတော်ကြီးတွေ မိန့်တော်မူတဲ့အတိုင်း လူတိုင်း လောကဓံတရားနဲ့ တွေ့ကြုံလာရင် တုန်လှုပ်ခြင်းကင်းစွာ ရင်ဆိုင်နိုင်ကြမှသာလျှင် လောကဓံကို ကြံ့ကြံ့ခံနိုင်ကြမှာပါ။

ဒါကြောင့် စာရေးသူတို့ တွေ့ကြုံခံစားရတဲ့ ဒုက္ခဝေဒနာတွေဟာ လောကဓံတရားပဲဖြစ်ပါတယ်။ လောကဓံတရားတွေဟာ ဘုရားရှင်နဲ့ ရဟန္တာတွေတောင် တွေ့ကြုံခဲ့ရတာကြောင့် မိမိတို့လို လူသားအားလုံးတို့ဟာလည်း လောကဓံတရားတွေနဲ့ တွေ့ကြုံရတဲ့အခါ တုန်လှုပ်ခြင်းမရှိအောင် နေထိုင်နိုင်မှသာလျှင် သံသရာမှာ အေးနိုင်မှာဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရှင် မိန့်ကြားတော်မူတဲ့ တရားဓမ္မတွေကို မပြတ်သိမှတ်ဆင်ခြင်ပြီး မိမိဘဝကို စိတ်ချလက်ချ နေနိုင်သွားအောင် ကြိုးစားကြရမှာဖြစ်ပါတယ်လို့ စာရေးသူရဲ့ ဘဝအတွေ့အကြုံတွေနဲ့ ထပ်လောင်းပေါင်းစပ် ရေးသားဖော်ပြလိုက်ရပါတယ်။ ။

> ❒ **လောကဓံတရားတွေဟာ ဘုရားရှင်နဲ့ ရဟန္တာတွေတောင် တွေ့ကြုံခဲ့ရတာကြောင့် မိမိတို့လို လူသားအားလုံးတို့ဟာလည်း လောကဓံတရားတွေနဲ့ တွေ့ကြုံရတဲ့အခါ တုန်လှုပ်ခြင်းမရှိအောင် နေထိုင်နိုင်မှသာလျှင် သံသရာမှာ အေးနိုင်မှာဖြစ်ပါတယ်။ ဗုဒ္ဓဘုရားရှင် မိန့်ကြားတော်မူတဲ့ တရားဓမ္မတွေကို မပြတ်သိမှတ်ဆင်ခြင်ပြီး မိမိဘဝကို စိတ်ချလက်ချနေနိုင်သွားအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်**

# သန်လျင်၌ ကျေးလက်စာကြည့်တိုက် ပြင်ဆင်နိုင်ရေး အလှူငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်ပြင်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသော ကျပ်သိန်း ၅၀ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသော အလှူငွေများကို စနစ်တကျသုံးစွဲရေး ကြီးကြပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် စာကြည့်တိုက်ပြင်ဆင်ရန်အလှူငွေကျပ် သိန်း ၅၀ ကို လက်ယက်စမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် စာကြည့်တိုက်ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

**သန်းဝင်း(သန်လျင်)**

# ပခုက္ကူမြို့နယ်၌ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့ အရန်သင့်စုဖွဲ့ထားရှိ

**ပခုက္ကူ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ရေကြီးရေလျှံမှုများအပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့အား အရန်သင့်စုဖွဲ့ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ရောဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုများအပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးအမျိုးအစားအလိုက် တပ်စုအဖွဲ့များ လေ့ကျင့်ခြင်း၊



ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အသိပညာပေးနှိုးဆော်ခြင်းနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်နှင့် စက်ကိရိယာများကိုလည်း အသင့်စုဖွဲ့ထားကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်က ပြောသည်။

**ဘာမီသာ(ပခုက္ကူ)**

# လင်းဖားရေလည်ကျွန်းဘုရား၌ မြန်မာ့မျိုးရင်း တိုက်လိပ်မျိုးစိတ်ကောင်ရေ ၁၀၀၀ ကျော် ထိန်းသိမ်းကာကွယ်ထား

**ရန်ကုန် ဇူလိုင် ၆**

ကမ္ဘာပေါ်၌ မြန်မာတစ်နိုင်ငံတည်းတွင်ရှိသည့် တိုက်လိပ်မျိုးစိတ်သည် ခန္တီးမြို့နယ် ချင်းတွင်းမြစ်ဘေးရှိ လင်းဖားရေလည်ကျွန်းဘုရား သဘာဝသောင်ပြင်နှင့် ဥယျာဉ်များတွင် တိုက်လိပ်ကောင်ရေ ၁၀၀၀ ကျော်ကို ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ ခန့် တိုက်လိပ်ကို မျိုးပွားထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ တစ်နိုင်ငံလုံးတွင် ကောင်ရေ ၁၀၀၀ ကျော်အထိ တိုးပွားလာနေသည်။ ၎င်းတို့ကို သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန် ချင်းတွင်းမြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူထိန်းသိမ်းခဲ့ကာ ခြံလှောင်မွေးမြူမှု တစ်နှစ်ပြည့်ချိန်တိုင်းတွင် သဘာဝနယ်မြေအတွင်းသို့ ကောင်ရေ ၂၀၀ ကျော် လွှတ်ပေးနိုင်ခဲ့ပြီး ဇွန်လတတိယပတ်က ချင်းတွင်းမြစ်အတွင်းသို့ အထီး ၂၅ ကောင်နှင့် အမ ၂၅ ကောင်ကို ဒေသခံပြည်သူများနှင့်အတူ ခြောက်ကြိမ်မြောက်အဖြစ် လွှတ်ပေးနိုင်ခဲ့သည်။





**နှစ်ပေါင်း ၆၀ မှ ၁၀၀ ခန့်အထိ ရှင်သန်နိုင်**

မြန်မာ့တိုက်လိပ်၏ အမကျောခွံမှာ အညိုရောင်သို့မဟုတ် မီးခိုးရောင်ရှိပြီး အထီးမှာ ထင်ရှားသော အမည်းရောင်အစင်းသုံးခု ပါရှိလေ့ရှိကြောင်း၊ အရွယ်ရောက်လိပ်၏ကျောခွံမှာ ၅၈ စင်တီမီတာအထိ ရှည်လျားလေ့ရှိပြီး ရင်ဘတ်အခွံမှာ အဝါရောင် သို့မဟုတ် နို့နှစ်ရောင်ရှိကြောင်း၊ ဦးခေါင်းနှင့် လည်ပင်းသည် အညို သို့မဟုတ် အစိမ်းရောင်ဖြင့် မကြီးမသေးသော ဦးခေါင်းပုံတွင် အနည်းငယ်ချွန်ထွက်နေသည့် နှာရောင်ရှိပြီး နှစ်ပေါင်း ၆၀ မှ ၁၀၀ ခန့်အထိ ရှင်သန်နိုင်ကြောင်း သိရသည်။ ယခင်က မြန်မာ့တိုက်လိပ်မျိုးစိတ်များမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် ယင်းတို့၏ မြစ်လက်တက်တို့တွင် ကျက်စားခဲ့ကြပြီး မျိုးစိတ်ပြတ်သွားပြီးနောက် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ခန္တီးမြို့နယ်နှင့် မိုင် ၂၀ အကွာရှိ လင်းဖားရေလည်ကျွန်းဘုရား သဘာဝနယ်မြေသောင်ပြင်၌ တိုက်လိပ်ဥများကို ပြည်ပမှ တွားသွားသတ္တဝါပညာရှင်များ ပြန်လည်တွေ့ရှိခဲ့ရာမှ သုတေသနလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အထက်ချင်းတွင်း တိုက်လိပ်ထိန်းသိမ်းရေးအဖွဲ့(NGO)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုက်လိပ်မျိုးစိတ်များ ရှင်သန်နိုင်ရေး ကာကွယ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**လိပ်မျိုးစိတ်ပေါင်း ၃၀၀ ခန့်ရှိ**

ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်ပေါင်း ၃၀၀ ခန့်ရှိပြီး မြန်မာနိုင်ငံ၌ ၃၂ မျိုး ရှင်သန်လျက်ရှိရာ နေထိုင်ကျက်စားမှုအပေါ်မူတည်၍ ကုန်းလိပ်နှင့်ရေလိပ်ဟူ၍ ခွဲခြားထားသည်။ ရေလိပ်တွင် ရေချိုလိပ်နှင့် ပင်လယ်လိပ်ဟူ၍ ဂေဟစနစ်အလိုက် ရှင်သန်ကျက်စားလျက်ရှိပြီး လိပ်အများစုမှာ အစုံစားလေ့ရှိကာ အသားစားသောလိပ်နှင့် အရွက်စားသောမျိုးစိတ်အဖြစ် ကွဲပြားလျက်ရှိသည်။ လိပ်တွင် သွားမပါသောကြောင့် အရိုးကဲ့သို့ မာကျောသော နှုတ်ခမ်းများဖြင့် အစာကို ကိုက်ဖြတ်စားသောက်လေ့ရှိပြီး ကုန်းလိပ်အများစုမှာ အသီးအရွက်ကိုစားလေ့ရှိ၍ ရေလိပ်အများစုမှာ အစုံစားသတ္တဝါများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့(IUCN Red List)က တိုက်လိပ်ကို ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် မျိုးစိတ်တစ်ခုအဖြစ် ထည့်သွင်းထားပြီး မြန်မာနိုင်ငံတွင် သစ်တောဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းထားသည်။

**ကောင်ရေ ၁၀၀၀ ကျော် ရှင်သန်**

"မြန်မာ့တိုက်လိပ်ဟာ မြန်မာနိုင်ငံက လွဲပြီး ကမ္ဘာမှာမရှိတဲ့ မျိုးစိတ်ဖြစ်တဲ့အတွက် နိုင်ငံအတွက် အထူးဂုဏ်ယူရပါတယ်။ လိပ်ဟာရေချိုဂေဟစနစ်ကို အကျိုးပြုစေတာကြောင့် ရှင်သန်ကျက်စားဖို့ အတွက် မျိုးပွားရာမှာ မူရင်းဒေသမှာပဲ ထိန်းသိမ်းကာကွယ်ရေးကို လုပ်ဆောင်ရပါတယ်။ ကောင်ရေ ၂၀၀ ကျော် သဘာဝနယ်မြေကိုလွှတ်နိုင်ခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံမှာ ကောင်ရေ ၁၀၀၀ ကျော် ရှင်သန်နေပါတယ်" ဟု အထက်ချင်းတွင်း လိပ်ထိန်းသိမ်းရေးအဖွဲ့တာဝန်ခံ ဦးမျိုးမင်းဝင်းက ပြောသည်။

အာဆီယံနိုင်ငံများတွင် တိုက်လိပ်မျိုးစိတ်မရှိဘဲ စင်ကာပူတိရစ္ဆာန်ဥယျာဉ်၌ မြန်မာနိုင်ငံမှ တိုက်လိပ်အနည်းငယ်မွေးမြူပြသထားပြီး ကမ္ဘောဒီးယားနိုင်ငံတွင် တိုက်လိပ်မျိုးစိတ်မဟုတ်သော ဆင်တူယိုးမှားမျိုးစိတ်အဖြစ် ရှိနေကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ မူရင်းဒေသအဖြစ် ခန္တီးခရိုင် ချင်းတွင်းမြစ် လင်းဖားရေလည်ကျွန်းဘုရား၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ ပုဂံလောကနန္ဒာဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တို့တွင် မွေးမြူထားပြီးကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တည်ထောင်နိုင်ရေး သဘောထားရယူ

**ဝေါ ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တို့အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တည်ထောင်နိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အာဆီယံဇီဝမျိုးစုံမျိုးကွဲဌာန (ASEAN Center for Bioiversity-ACB) နှင့် ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်နေကြောင်း သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ် တည်ထောင်နိုင်ရေးနှင့်စပ်လျဉ်းပြီး ကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားရယူခြင်းကို ဇူလိုင် ၃ ရက်က မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

သဘောထားရယူသည့် ဆွေးနွေးပွဲတွင် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက သစ်တောဦးစီးဌာနအနေဖြင့် ပုပ္ပားတောင်ဥယျာဉ်၊ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မိုးယွန်းကြီးဘေးမဲ့တောတို့ကို ထပ်တိုးအာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ခံရရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးယွန်းကြီးဘေးမဲ့တောနှင့်ပတ်သက်၍ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအနေဖြင့် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် အဆိုပြုလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများတွင် ပါဝင်ကူညီပေးနိုင်ရန် ဖိတ်ခေါ်ကြောင်း၊ သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ သဘာဝနယ်မြေများကို စနစ်တကျစီမံအုပ်ချုပ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် ဒေသခံပြည်သူနှင့် ဆက်စပ်ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်မှုများကို လှိုက်လှဲစွာကြိုဆိုကြောင်းနှင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန(KFW MERN) တို့၏ ပူးပေါင်းကူညီဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။



ထို့နောက် သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန(နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိန်ဝင်းထွန်းက အာဆီယံအမွေအနှစ် ဥယျာဉ်တည်ထောင်နိုင်ရေးနှင့် စပ်လျဉ်းပြီး အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ အပန်းဖြေသွားလာခြင်း၊ တိရစ္ဆာန်များကို လေ့လာကြည့်ရှုခြင်းများရှိပြီး မိုးယွန်းကြီးအင်းအတွင်း နို့တိုက်သတ္တဝါအမျိုး ၁၂၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ဆောင်းခိုငှက် ၅၉ မျိုး၊ ဌာနေငှက် ၇၇ မျိုး၊ ငါး ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးရှိကြောင်း အဆိုပါ ဆွေးနွေးပွဲတွင် ဆွေးနွေးချက်များအရ သိရသည်။

**စိုးမိုး (ပြန်/ဆက်)**





# ဘားအံမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဖုန်းပြင်သင်တန်းဖွင့်

**ဘားအံ ဇူလိုင် ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဖုန်းပြင်သင်တန်းကို ဇူလိုင် ၃ ရက်က ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် တက်ရောက် သင်ယူကြသော သင်တန်းသားများ အနေဖြင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေနိုင်သည်အထိ ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဇော်က တက်ရောက်လာကြသော သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဖုန်းပြင်သင်တန်းသို့ ဘားအံခရိုင်အတွင်းရှိ ကျေးရွာရှစ်ရွာမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာက ဖုန်းပြုပြင်ခြင်း သင်ခန်းစာများကို ဇူလိုင် ၃ ရက်မှ ၁၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# တောင်တက်ခရီးစဉ် စိတ်ဝင်စားသူတွေအတွက် ခရီးစဉ်သစ် ဘားအံမြို့နယ်မှ သဘာဝရေလိုဏ်ဂူတောင်



ရေလိုဏ်ဂူတောင်ပေါ်မှ မြင်တွေ့ရသည့်ရှုခင်းများ။

ယဉ်လာဒ်၊ ဓာတ်ပုံ - သူရဦး

**တောင်တက်ဝါသနာပါသူတွေအတွက် ခရီးစဉ်သစ်တစ်ခုအနေနဲ့ တောင်တွေရဲ့မြို့တော်လို့ တင်စားကြတဲ့ ဘားအံမြို့နယ်အတွင်း ရသေ့ပျံဂူနားက သဘာဝရေလိုဏ်ဂူတောင်ဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြချင်ပါတယ်။**

တောင်တက်တယ်ဆိုတာ ခရီးစဉ်တစ်ခုအနေနဲ့သာမက မိမိခန္ဓာကိုယ်ရဲ့ အမောခံသက်လုံကောင်းခြင်းကို စမ်းသပ်လို့ရတဲ့ ကျန်းမာရေးစစ်ဆေးချက်တစ်ခုလို့လည်း ဆိုလို့ရပါတယ်။ ဒါ့အပြင် မြေပြင်ရှုခင်းတွေကို တောင်ထိပ်ပေါ်ကနေကြည့်ရတဲ့ စိတ်ခံစားချက်ကလည်း ဘာနဲ့မှလဲလို့မရနိုင်တဲ့ ခံစားမှုတစ်မျိုးလို့ ဆိုနိုင်ပါတယ်။

### တောင်တက်ခရီးစဉ်

ဘားအံဒေသခံ ဧည့်လမ်းညွှန်ဖြစ်သူ ကိုသူရဦးက ရေလိုဏ်ဂူတောင်တက်ခဲ့တဲ့ အတွေ့အကြုံနဲ့ပတ်သက်ပြီး "လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက သဘာဝရေလိုဏ်ဂူတောင်ပေါ်ကို တက်လို့ရတယ်။ လမ်းရှိတယ်။ တောင်ပေါ်ကနေကြည့်ရတဲ့ ရှုခင်းတွေက အလွန်လှတယ်။ ဆရာသွားရင် လိုက်ပို့ပေးမယ်လို့ ဒေသခံ ကိုစောကျော်သိန်းနဲ့ ဦးလွန်းမြိုင်တို့က ပြောလာတာမို့ Hpa An Vibes က ကိုသီဟစိုးနဲ့ သဘာဝရေလိုဏ်ဂူတောင်ပေါ်ကို တက်ရောက်ဖြစ်ခဲ့ပါတယ်"လို့ စာရေးသူကို ပြောပြပါတယ်။

သဘာဝရေလိုဏ်ဂူတောင်ကို သွားရောက်မယ်ဆိုရင် ဘားအံမြို့နယ် ရသေ့ပျံကျေးရွာအနီးမှာရှိတဲ့ ရသေ့ပျံဂူအထိ စက်ဘီးစီးသွားရောက်ပြီး သဘာဝရေလိုဏ်ဂူအပေါ်အထိကို တောင်တက်ခရီးအနေနဲ့ တက်ရောက်နိုင်ပါတယ်။ ရေလိုဏ်ဂူတောင်ဟာ တောင်အောက်ကနေ လှမ်းကြည့်ရင်တော့ နိမ့်နိမ့်လေးလိုပဲ မြင်ရပါတယ်။ ဒါပေမယ့် အမြင့်ပေ ၅၀၀ နီးပါး ရှိပါတယ်။

### ကြမ်းတမ်းတဲ့တောင်တက်လမ်း

"တောင်တက်လမ်းကတော့ ဇွဲကပင်တောင်ထက်ကြမ်းသလို တောင်ဝိုင်းတောင်ထက်လည်း ပိုကြမ်းတမ်းပါတယ်။ တောင်တက်လမ်းတစ်လျှောက်လုံး ခဲရာခဲဆစ် တက်ခဲ့ရပါတယ်။ တချို့နေရာတွေဆိုရင် ကျောက်သားနံရံတွေပေါ် ကုပ်တက်ခဲ့ရပါတယ်။ ကျွန်တော်တို့က စက်ဘီးနင်းရင်းဝတ်တဲ့ လက်အိတ်ပါသွားတော့ တော်တော်လေး အဆင်ပြေခဲ့ပါတယ်။ လက်အိတ်မပါခဲ့ရင် ကျောက်တောင်ပေါ်ကို ကုပ်တက်ရတဲ့အခါ လက်တွေအတော်ကို နာပါလိမ့်မယ်။ ဒါကြောင့်မို့ တောင်တက်ဖို့လာတဲ့ ခရီးသွားတွေအနေနဲ့ တောင်တက်တဲ့အခါ အသုံးပြုတဲ့ပစ္စည်းတွေကို ယူဆောင်လာပြီး သုံးစွဲဖို့လိုပါတယ်"လို့ ကိုသူရဦးက ပြောပြပါတယ်။

### လမ်းတစ်ဝက်မှ လိုဏ်ဂူ

သဘာဝရေလိုဏ်ဂူတောင်ရဲ့တောင်တက်လမ်းတစ်ဝက်မှာ လိုဏ်ဂူတစ်ခုရှိပါသေးတယ်။ ဂူအမျိုးအစားကတော့ နှစ်ဖက်ပွင့်ဂူ အမျိုးအစားဖြစ်ပါတယ်။ ဂူရဲ့ တချို့နေရာတွေမှာ တော်တော်ကျဉ်းပြီး လေးဖက်ကုန်းပြီးဝင်ရပါတယ်။ ဂူထဲမှာတော့ ပျားလင်းနို့နဲ့ ဆင်တူတဲ့ လင်းနို့တွေကိုလည်း တွေ့ရပါတယ်။ တောင်တက်လမ်းက တောင်ပေါ်ရောက်ခါနီးလေ ကြမ်းလေလေပါပဲ။ ကျောက်သားနံရံတွေပေါ် ကုပ်ပြီးတက်ရတာဖြစ်လို့ ခြေကုပ်အား(Grip) ကောင်းတဲ့ ရှူးဖိနပ်တွေနဲ့မှ အဆင်ပြေပါမယ်။

### ခွန်အားဖြစ်စေတဲ့စိတ်ခံစားမှု

တောင်ပေါ်ကနေမြင်ရတဲ့ Mountain View ကတော့ 360 Panorama View ဖြစ်လို့ အံ့မခန်းလှပတဲ့ မြင်ကွင်းတွေကို မြင်တွေ့ရမှာပါလို့ သဘာဝရေလိုဏ်ဂူတောင်ပေါ်ကို တက်ရောက်ခဲ့တဲ့ ကိုသူရဦးက ကိုယ်တိုင်တောင်တက်ခဲ့ရတဲ့ အတွေ့အကြုံကို ပြန်ပြောပြပါတယ်။ တောင်ပေါ်ရောက်တဲ့အခါ တောင်ပေါ်ကနေကြည့်ရတဲ့ခံစားမှုအပြင် တောင်ထိပ်ပေါ်ကို ရောက်နိုင်ခဲ့ပြီဆိုတဲ့ စိတ်ခံစားမှုက ပိုပြီး လူကို ခွန်အားဖြစ်စေသလို သန်မာစေပါတယ်။

### ဘားအံမြို့မှ တောင်တက်နိုင်သော ခရီးစဉ်များ

ကရင်ပြည်နယ်ရဲ့မြို့တော် ဘားအံမြို့ဟာ ထုံးကျောက်တောင်တွေ ပတ်လည်ဝန်းရံတည်ရှိနေပြီး နေချင်စဖွယ်ကောင်းလှတဲ့ အေးချမ်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဘားအံမြို့ပေါ်မှာ Adventure ဆန်ဆန် တောင်တက်ချင်သူတွေအတွက် တောင်ဝိုင်းတောင်၊ ကြာအင်းတောင်၊ ထမင်းဆုပ်တောင်၊ ဇွဲကပင်တောင်၊ မိဇံတောင်၊ ဖားပုတောင်၊ ပဲပုပ်တောင် စသည်ဖြင့် တောင်များစွာရှိပါတယ်။ တောင်တွေပေါ်ကို တက်တဲ့အခါ သတိထားရမှာကတော့ မိုးတွင်းကာလကိုရှောင်ပြီး တက်ရောက်ဖို့ အကြံပြုချင်ပါတယ်။ တောင်ပေါ်တက်တဲ့အခါကျရင်လည်း ခြေကုပ်အားကောင်းတဲ့ ရှူးဖိနပ်နဲ့ တက်သင့်ပါတယ်။ ဒါ့အပြင် လက်အိတ်တွေကိုလည်း မဖြစ်မနေ ယူသွားသင့်ပါတယ်လို့ ဆိုပါတယ်။


### ဘားအံမြို့နယ်အတွင်းမှ မိုးရာသီခရီးစဉ်များ

မိုးရာသီကာလဆိုရင်တော့ ဘားအံမြို့မှာ စိမ်းလဲ့လဲ့ဖြစ်နေတဲ့ ထွန်ပတိုင်ရေကန်ရဲ့အလှကို မြင်တွေ့ရနိုင်ပါတယ်။ ကြည်လင်နေတဲ့ လွန်းညကန်၊ ခရီးသွားဧည့်သည်တွေ သွားရောက်လည်ပတ်ကြတဲ့ နောင်လုံ တောင်ကြားလမ်း၊ မြူခိုးတွေနဲ့ ပြည့်နေတဲ့ တောင်ဝိုင်းတောင်၊ စိမ်းကြည်နေတဲ့ နောင်ခလိုင်ရေဂူ၊ တောင်တွေပတ်လည်ကြားမှာ လှေစီးနိုင်တဲ့ ဆဒ္ဒန်အင်းနဲ့ အာလဝအင်းတို့ကိုလည်း မိုးရာသီကာလမှာ လည်ပတ်နိုင်ပါတယ်။

ဘားအံမြို့ကို ၂၀၂၃ ခုနှစ်မှာ လာရောက်လည်ပတ်ကြတဲ့သူ စတင်များပြားလာခဲ့ပြီး တချို့ရက်တွေဆို ထွန်ပတိုင်ရေကန်ဆီကိုပဲ ခရီးသွားဦးရေ ၄၀၀ ကျော်အထိ လာရောက်လည်ပတ်ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကြတာတွေ ရှိခဲ့ပါတယ်။ ဘားအံမြို့ကို လာရောက်လည်ပတ်ကြတဲ့သူတွေဟာ ဘားအံမြို့ရဲ့ ရှုခင်းကြည့်ကွက်တွေကို အချိန်ပေးကာ လာရောက်ကြည့်ရှုလည်ပတ်ကြတာ ဖြစ်ပါတယ်။

စိတ်ဝင်စားစရာ လည်ပတ်လေ့လာစရာတွေများလှတဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး ရန်ကုန်မြို့နဲ့လည်း အလှမ်းမဝေးလှတဲ့ တောင်တွေရဲ့မြို့တော် ဘားအံမြို့နယ်အတွင်းက စွန့်စားမှုခရီးစဉ်တွေကို ကြိုက်နှစ်သက်သူတွေအတွက် ခရီးစဉ်သစ်ဖြစ်တဲ့ သဘာဝရေလိုဏ်ဂူတောင်ဆီကို သွားရောက်လည်ပတ်နိုင်ဖို့ ဒီတစ်ပတ်ရဲ့ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ ။

**"ဘားအံမြို့ဟာ ထုံးကျောက်တောင်တွေ ပတ်လည်ဝန်းရံတည်ရှိနေပြီး နေချင်စဖွယ်ကောင်းလှတဲ့ အေးချမ်းတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဘားအံမြို့ပေါ်မှာ Adventure ဆန်ဆန် တောင်တက်ချင်သူတွေအတွက် တောင်ဝိုင်းတောင်၊ ကြာအင်းတောင်၊ ထမင်းဆုပ်တောင်၊ ဇွဲကပင်တောင်၊ မိဇံတောင်၊ ဖားပုတောင်၊ ပဲပုပ်တောင် စသည်ဖြင့် တောင်များစွာရှိပါတယ်။ တောင်တွေပေါ်ကိုတက်တဲ့အခါ သတိထားရမှာကတော့ မိုးတွင်းကာလကို ရှောင်ပြီး တက်ရောက်ဖို့ အကြံပြုချင်ပါတယ်။ တောင်ပေါ်တက်တဲ့အခါကျရင်လည်း ခြေကုပ်အားကောင်းတဲ့ ရှူးဖိနပ်နဲ့ တက်သင့်ပါတယ်"**



သဘာဝရေလိုဏ်ဂူတောင်ပေါ်သို့ တက်ရောက်ကြစဉ်။



အာလဝအင်းနှင့် ရသေ့ပျံတောင်ကို တောင်ထိပ်မှ တွေ့ရစဉ်။

# ကော်ဖီအထွက်တည်ငြိမ်ရေး ကော်ဖီပင်ကိုင်းဖြတ်ပြုပြင်ပေး

သူရိန်နိုင်

### ကော်ဖီပင်ကို ဘာကြောင့်ကိုင်းဖြတ်ပြုပြင်သင့်သလဲ

စီးပွားဖြစ်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရာတွင် ကိုင်းဖြတ်ပြုပြင်ခြင်းသည် အဓိကထား၍ လုပ်ဆောင်ရမည့်လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကော်ဖီတွင် ကိုင်းဖြတ်ပြုပြင်ပေးခြင်းသည် ကော်ဖီနှစ်ခြားသီးခြင်း (biennial bering) မှ ကာကွယ်ပေးပါသည်။

ကော်ဖီနှစ်ခြားသီးခြင်းဆိုသည်မှာ ကော်ဖီအထွက်နှုန်းပုံမှန်မဟုတ်ဘဲ အတက်၊ အကျ ဖြစ်ပေါ်ခြင်းကို ဆိုလိုပါသည်။ ထိုသို့ ဖြစ်ပေါ်ခြင်းကြောင့် အထွက်နှုန်းမတည်ငြိမ်သည့်အတွက် စီးပွားရေးထိခိုက်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကော်ဖီပင်ကိုင်းဖြတ်ပြုပြင် ပုံသွင်းရခြင်း၏ ရည်ရွယ်ချက်များ အနေဖြင့် ကော်ဖီသီးကိုင်းများများရရှိစေရန်၊ ကော်ဖီသီးနှင့် အရွက်၏ မှန်ကန်သောအချိုးကို ထိန်းပေးခြင်းအားဖြင့် နှစ်ခြားသီးခြင်းမှ ကာကွယ်ရန်၊ သေနေသော၊ ရောဂါရနေသော၊ ကိုင်းအိုကိုင်းခြောက်များကိုဖယ်ရှားရန်၊ ကော်ဖီပင်ကြား၊ တန်းကြားများအတွင်း သင့်တော်သော အနေအထားအမြဲရရှိနေစေရန်၊ ကော်ဖီပင်၏ အမြင့်ဆုံးထုတ်လုပ်နိုင်စွမ်းကိုရစေပြီး ပိုးမွှားရောဂါပျံ့နှံ့မှုကို လျော့နည်းစေရန်၊ ရိတ်သိမ်းခူးဆွတ်မှု လွယ်ကူစေရန်၊ ကော်ဖီကိုင်းဖျားခြောက်သေခြင်းဖြစ်မှုကို အနည်းဆုံးဖြစ်စေရန်နှင့် ပိုး၊ မှိုသတ်ဆေးနှင့် အားဆေးများဖျန်းသည့်အခါ အပင်တစ်ပင်လုံး ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိစေရန်တို့ဖြစ်ပါသည်။

ကော်ဖီပင်ကြီးထွားမှု၏ အစောပိုင်းကာလများတွင် ကော်ဖီပင်သည် အကိုင်းများစွာ ဖြစ်ပေါ်စေပြီး ၎င်းကိုင်းများအတွင်း သစ်သားဖြစ်တည်စေရန်အတွက် အာဟာရများကို အသုံးပြုရပါသည်။ အစောပိုင်းကာလများတွင် ကော်ဖီအထွက်ကောင်းမွန်သော်လည်း ကော်ဖီပင်သက်တမ်းကြီးရင့်လာခြင်းနှင့်အတူ အပင်၏ကိုင်းများအတွက် သစ်သားများဖြစ်ပေါ်ရန် ကော်ဖီပင်သည် မြေဆီလွှာထဲမှ အာဟာရဓာတ်များကို အသုံးပြုရသဖြင့် ကော်ဖီပင်ကိုင်း အရေအတွက်များလွန်းပါက အာဟာရဓာတ် လုံလောက်မှုမရှိခြင်းကြောင့် ကော်ဖီအထွက်ကျဆင်းလာစေပါသည်။

ကော်ဖီတွင် ကိုင်းဖြတ်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် ကော်ဖီပင် ကျန်းမာသန်စွမ်းခြင်းနှင့် အထွက်နှုန်းတိုးစေခြင်းတို့အတွက် အထောက်အကူဖြစ်စေပါသည်။ ကော်ဖီပင် သက်တမ်းကြီးရင့်လာခြင်း၊ အာဟာရဓာတ်ချို့တဲ့လာခြင်းနှင့် ကော်ဖီကိုင်းများ ရှုပ်ထွေးလာပြီး သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် အထွက်နှုန်း ကျဆင်းလာနိုင်သော်လည်း ကိုင်းဖြတ်ပြုပြင်ပေးခြင်းနှင့် ငုတ်ဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကော်ဖီအထွက်နှုန်းကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

### အပင်၏ပတ်ဝန်းကျင်နှင့် ဇီဝကမ္မဆိုင်ရာအခြေအနေများ

ကော်ဖီပင်သည် ကော်ဖီမျိုးအလိုက် မြင့်မားလာနိုင်သဖြင့် ကိုင်းဖြတ်ပြုပြင်ခြင်းမပြုပါက အသီးသီးသည့်ကိုင်းအနည်းငယ်မှာ အဖျားပိုင်းတွင် သာစုဝေးနေပြီး မြေပြင်မှ လွန်စွာဝေးကွာသွားပါတော့သည်။ ကော်ဖီပင်တွင် ပထမကိုင်းများသည် အလယ်ဗဟိုမှ အပြင်ဘက်သို့ အစီအစဉ်တကျဖြင့် ရှည်ထွက်လာပြီး (၃-၄) နှစ် ကြာသောအခါ ပထမကိုင်းမှ ဒုတိယကိုင်းနှင့် တတိယကိုင်းများ ဖြစ်ပေါ်လာပါသည်။ အဆိုပါကိုင်းများသည် (၅-၇)နှစ်ကြာအောင် ပန်းပွင့်ခြင်း၊ အသီးသီးခြင်းနှင့်အတူ အပင်သည်လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးလာရာမှ အမြင့်မားဆုံးသော ကြီးထွားဖွံ့ဖြိုးမှုအဆင့်သို့ ရောက်ရှိပြီး နောက်ပိုင်းတွင် အပင်၏ပတ်ဝန်းကျင်နှင့် ဇီဝကမ္မဆိုင်ရာအခြေအနေများအပေါ် မူတည်၍ ကြီးထွားသန်စွမ်းမှုသည် တဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်းလာပါသည်။

ထို့ကြောင့် ကော်ဖီပင်တွင် သင့်တင့်သောကိုင်းအရေအတွက်ရရှိစေရန်အတွက် ကိုင်းဖြတ်ပြုပြင်ရန်လိုအပ်ပါသည်။ ကော်ဖီပင်များကိုကိုင်းဖြတ်ပြုပြင်ခြင်းမပြုဘဲ လွတ်လပ်စွာ ကြီးထွားခွင့်ပြုပါက တဖြည်းဖြည်းပုံပျက်လာကာ ကော်ဖီပင်အချိုးအစားမမျှတခြင်းကို ဖြစ်ပေါ်လာစေပါသည်။

ကော်ဖီပင်သည် အလွန်ကြီးမားသော ချုံပင်အမျိုးအစားဖြစ်သောကြောင့် ကိုင်းဖြတ်ပြုပြင်မှုမပြုဘဲ သဘာဝအတိုင်းထားပါက ကိုင်းဖျားတွင် သီးနေသော ကော်ဖီသီးများကို ခူးဆွတ်ရာတွင် ပျက်စီးဆုံးရှုံးမှုများကိုဖြစ်ပေါ်စေသကဲ့သို့ ချုံထူလာပြီး လိုအပ်သောအလင်းရောင်နှင့် လေတို့ကို လုံလောက်စွာ ရရှိနိုင်ခြင်းမရှိတော့ပါ။ ထိုသို့သော အခြေအနေတွင် ကော်ဖီပန်းပွင့်မှုနှင့် အသီးသီးခြင်းတို့ကို လျော့နည်းကျဆင်းလာစေပါသည်။

အသီးကိုင်းများသည် အသီးသီးပြီးနောက် ရှည်သည်ထက်ရှည်လာကာ အကိုင်းအရင်းပိုင်းရှိ အရွက်များကြွေကျကုန်ပြီး အရွက်အနည်းငယ်နှင့် အသီးသီးနိုင်သော ဒုတိယကိုင်းများမှာ အဖျားပိုင်းတွင်သာ တိုတောင်းစွာရှိနေတတ်ပါသည်။ ကော်ဖီပင်၏ အလယ်ပိုင်းတွင် အရွက်ကင်းမဲ့နေသော အကိုင်းများသည် ခြောက်သွေ့သေဆုံးကာ ကျိုးကျကုန်သဖြင့် ပင်စည်ပေါ်တွင် အကိုင်းငုတ်တိုများ သို့မဟုတ် အမာရွတ်များနှင့် အသီးမသီးသော ကိုင်းတက်များသာ ကျန်ရစ်ပါတော့သည်။ ကော်ဖီသီးခူးဆွတ်ရာတွင် အဆင်ပြေသလို လုပ်ဆောင်မှုများကြောင့် ကော်ဖီအဖျားကိုင်းများ ကျိုးပဲ့ပြတ်တောက်မှုများဖြစ်ပေါ်၍ ကော်ဖီကိုင်းများ လျင်မြန်စွာဆုံးရှုံးခြင်းကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အသီးသီးသောအကိုင်းများနှင့် အရွက်ဖြစ်ပေါ်စေသောကိုင်းအဆစ်များ နဂိုပုံမှန်ပြန်ဖြစ်ပေါ်စေရန်အတွက် ကိုင်းဖြတ်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။

ကော်ဖီပင်တွင် နေရောင်ခြည်ရရှိမှုနှင့် အရိပ်ကျရောက်မှုအခြေအနေတို့သည် ကော်ဖီပန်းပွင့်ခြင်းနှင့် အသီးသီးခြင်းတို့ကို ထိန်းညှိအားပေးပါသည်။ နေရောင်ခြည်ရရှိမှု လွန်ကဲပါက အသီးသီးမှုလွန်ကဲခြင်းကို ဖြစ်ပေါ်စေပြီး ထိုသို့လွန်ကဲခြင်းကြောင့် ကော်ဖီပင်အတွင်း သိုလှောင်ထားသော သကြားဓာတ်များစွာကို လိုအပ်သည်ထက် ပိုမိုသုံးစွဲရသဖြင့် ကော်ဖီပင် ကိုင်းဖျားခြောက်သေခြင်း (Die-back)ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ကော်ဖီပင် ကိုင်းဖြတ်ပြုပြင်ခြင်းလုပ်ငန်းသည် နေရောင်ခြည်ရရှိမှုနှင့် ရွက်အုပ်မိုးဧရိယာအတွင်း အရိပ်ကျရောက်မှု အခြေအနေတို့အကြား မျှတအောင်လုပ်ဆောင်ရသဖြင့် အလွန်သိမ်မွေ့သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ထို့ကြောင့် ကော်ဖီပင်ကျန်းမာသန်စွမ်းပြီး ရေရှည်ခူးဆွတ်နိုင်စေရေးအတွက် လည်းကောင်း၊ ကော်ဖီအထွက်နှုန်းပုံမှန်ရရှိစေရေးအတွက်လည်းကောင်း၊ ပိုးမွှားနှင့် ရောဂါကျရောက်မှုလျော့နည်းစေရေးတို့အတွက်လည်းကောင်း ကော်ဖီစိုက်ခင်းများတွင် ကော်ဖီပင်ကိုင်းဖြတ်ပြုပြင်ခြင်းလုပ်ငန်းများကို အလေးထားကာဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတော့သည်။ ။



စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးက ကော်ဖီအရွက်နှင့် ကိုင်းများ ဖြတ်ပေးနေစဉ်။

> “ကော်ဖီတွင် ကိုင်းဖြတ်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် ကော်ဖီပင် ကျန်းမာသန်စွမ်းခြင်းနှင့် အထွက်နှုန်းတိုးစေခြင်းတို့အတွက် အထောက်အကူဖြစ်စေပါသည်။ ကော်ဖီပင် သက်တမ်းကြီးရင့်လာခြင်း၊ အာဟာရဓာတ်ချို့တဲ့လာခြင်းနှင့် ကော်ဖီကိုင်းများ ရှုပ်ထွေးလာပြီး သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် အထွက်နှုန်းကျဆင်းလာနိုင်သော်လည်း ကိုင်းဖြတ်ပြုပြင်ပေးခြင်းနှင့် ငုတ်ဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကော်ဖီအထွက်နှုန်းကို ထိန်းသိမ်းထားနိုင်မည်”





ကော်ဖီခြံအတွင်း စိုက်ပျိုးထားသော ကော်ဖီပင်များကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကားတာယာအလုံး ၁၈၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၁၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၂၅၀၀ နှင့် Feline Pro ကြောင်စာ ကီလိုဂရမ် ၂၀ ခြောက်အိတ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၅ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၃၆၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၁၁၈)ကို သစ်တောဥပဒေအရ လည်းကောင်း၊ လယ်ဝေးမြို့ အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့ Caldina မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၁၈၁၁၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့အဝင် ကျောက်ဖြူတောင်ကျေးရွာလမ်းဆုံအနီး၌ မောတောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Dextrose Monohydrate ကီလိုဂရမ် ၆၀၀၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၄၆၆၀၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၄၆၆၀၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၅ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၂၉၆၉၁၇၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် ညနေ ၅ နာရီခွဲတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာဗဟိုရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ရဲမင်းထွန်း အား စစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် စက္ကူဂျပ်ဖာများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီ ၁၀ မိနစ်တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ရဲဝင်းသက်အား ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် ရဲမင်းထွန်း(၄၄)နှစ်နှင့် ရဲဝင်းသက်(၂၃)နှစ် တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ရဲဝင်းသက် နှင့် ရဲမင်းထွန်း တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဂိုးပေါက်ခြိမ်းခြောက်မှုများ၊ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း သာမန်ပွဲကစားချိန်အတွင်းနှင့် အချိန်ပို မိနစ် ၃၀ အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပေါ်တူဂီအသင်း ဂိုးသမား ဒီယေဂို ကော်စတာသည် ယူရိုပြိုင်ပွဲ ၁၆ သင်းအဆင့် ပယ်နယ်တီအဆုံးအဖြတ်တွင် စလိုဗေးနီးယားအသင်း၏ ပယ်နယ်တီကန်သွင်းချက်များကို အထူးလက်စွမ်းပြကာကွယ်နိုင်ခဲ့သော်လည်း ယခုပွဲစဉ်တွင် ပြိုင်ဘက်ပြင်သစ်အသင်း၏ ပယ်နယ်တီကန်သွင်းချက်များကို ကာကွယ်နိုင်ခြင်း မရှိခဲ့ချေ။

ထို့ကြောင့် ပြင်သစ်အသင်းက ပေါ်တူဂီအသင်းကို ငါးဂိုး - သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ နာမည်ကြီး ပေါ်တူဂီအသင်းကို အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သော ပြင်သစ်အသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ အသင်းကြီး စပိန်အသင်းနှင့် ဇူလိုင် ၁၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အခြားသောပွဲစဉ်အဖြစ် ဇူလိုင် ၅ ရက် ည ၁၀ နာရီခွဲတွင် စပိန်နှင့် အိမ်ရှင်ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက အကြိတ်အနယ် ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

## ခြေစွမ်းပြနေသည့် ဗင်နီဇွဲလားကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူပြီး ကိုပါအမေရိက ဆီမီးဖိုင်နယ်သို့ ကနေဒါအသင်း တက်လှမ်း

ကိုပါအမေရိကပြိုင်ပွဲ ကွာတားဖိုင်နယ်မှ ဗင်နီဇွဲလားနှင့် ကနေဒါအသင်းပွဲစဉ်ကို ဇူလိုင် ၆ ရက် နံနက် ၇ နာရီခွဲက အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် အားလင်တန်မြို့ရှိ AT & T အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ကနေဒါအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြသထားနိုင်သည့် ဗင်နီဇွဲလားအသင်းသည် ယခုပွဲစဉ်တွင် ပြိုင်ဘက် ကနေဒါအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသလို ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးလေးကြိမ် မနည်းကိုလည်း ကာကွယ်ခဲ့ရသည်။ ကနေဒါအသင်းက ပွဲချိန် ၁၃ မိနစ်တွင် ရှဖဲလ်ဘာ့ဂ်၏ သွင်းဂိုးကြောင့် ဦးဆောင်ဂိုးကို ရရှိခဲ့သည်။

ဗင်နီဇွဲလား အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီး နောက်ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၆၄ မိနစ်တွင် ရရှိခဲ့ပြီး ရွန်ဒွန်က သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် ဗင်နီဇွဲလားအသင်းရော ကနေဒါအသင်းပါ လူစားပြောင်းလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့သောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရခြင်း ဖြစ်သည်။

ပယ်နယ်တီ အဆုံးအဖြတ်တွင် ကနေဒါအသင်းက လေးဂိုး- သုံးဂိုးဖြင့် နိုင်ပွဲရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဗင်နီဇွဲလားအသင်းကို ကျော်ဖြတ်နိုင်ခဲ့သော ကနေဒါအသင်းသည် ကိုပါအမေရိကပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို လာမည့် ဇူလိုင် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**





မဖြူသန္တာဝင်း(ခ)ကုလားမ၊ အားယုံ၊ အိုက်ဆမ် နှင့် စိုင်းခမ်း(ခ)စိုင်းနွန်ခမ်း တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ မဖြူသန္တာဝင်း(ခ)ကုလားမ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် ညနေ ၄ နာရီက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် အားယုံ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ဇူလိုင် ၅ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကောင်းမွန်ကျေးရွာအနီးတွင် အိုက်ဆမ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုင်းခမ်း(ခ) စိုင်းနွန်ခမ်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ကီလိုကိုလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သဖြင့် မဖြူသန္တာဝင်း (ခ) ကုလားမ(၃၉)နှစ်၊ အားယုံ(၄၇)နှစ်၊ အိုက်ဆမ်(၂၂)နှစ်နှင့် စိုင်းခမ်း(ခ) စိုင်းနွန်ခမ်း (၂၀)နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ အလယ်ကုန်းရပ်ကွက်၊ ဗိုလ်စိန် မှန်လမ်းရှိ အကွက်အမှတ်-N၊ ကွင်းအမည်-ရေလဲရပ်၊ ဦးပိုင်အမှတ်-၂၀၃၂W၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား-မြို့မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဇင်ဘိုကြည်နွယ်က ဦးစောနေဘွားထံမှဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်သူဖြစ်ပါသည်။ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ဦးစောနေဘွားအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ထွက်ရှိထားရာ ဦးစောနေဘွားအမည်မှ လက်ရှိနေထိုင်သူ ဦးဇင်ဘိုကြည်နွယ် (၇/သဝတ(နိုင်)၀၉၄၃၂၁)၏ အမည်ဖြင့် မြေငှားဂရန်အသစ်အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ မြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ကန့်ကွက်လိုလျှင် အထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာရုံး၌ာန အသီးသီးတွင် မြေငှားဂရန်အသစ်လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်ဘိုကြည်နွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၀၈)**
**အမှတ်(၄၈၆)၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၃၇၁၉၂၂**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 13U/3219, PIAGG10 CITY-200, 3WHEEL VEHICLE ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၅/စတန(နိုင်)၁၄၆၉၅၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် AYY/17823, Yamana R6 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်နောင် ၅/ရဘန(နိုင်)၂၃၄၇၁၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

**မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 33W/41126, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ Moe Sabai Phyu Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**




**သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်မျိုးနိုင်ရပ်ကွက်၊ သဇင်လမ်းနေ(ဘ)ဦးလှမြင့် ၈/မသန(နိုင်)၀၄၁၅၅၀(မိ) ဒေါ်ကြည်လှိုင် ၈/မသန(နိုင်)၀၀၂၇၇၇၏ သား မောင်အောင်နိုင်စိုး ၈/မကန(နိုင်)၀၆၅၈၂၅သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးလှမြင့် -ဒေါ်ကြည်လှိုင်**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ကျေးရွာအုပ်စု၊ အထက(ဇောတိ)Grade-11 ၌ ပညာသင်ကြားနေသော မယွန်းမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၇/ရကန(နိုင်)၀၆၅၅၄၄ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**
**၇/ရကန(နိုင်)၀၆၅၅၄၄**

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဂွေးပင်ကျေးရွာအုပ်စု၊ ကင်မွန်းခြုံကျေးရွာနေ (ဘ)ဦးတင်လေး ၏ သမီး မအိကေဇင်ဖြိုး ၈/ခမန(နိုင်)၂၀၉၄၉၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MI-967055 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၂၁၃၃၀၇၆**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စရပ်ကွက်၊ အကွက်အမှတ် ထထ-၃၊ ဦးပိုင်အမှတ် (၃၈)/၁၂၆X၁၂၇ကြား၊ ၆၀AX၆၀ Bလမ်းကြားရှိ ဒေါ်နုနုလှိုင်အမည်ပေါက်တောဂရန် မြေကွက်အား တရားလို ဒေါ်သန်းသန်းအေးက တရားပြိုင် ဒေါ်နုနုလှိုင်အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်( ၉၅/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်သန်းသန်းအေး ၉/မဟမ(နိုင်)၀၀၀၁၈၂ ကတောဂရန်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် ၈၀၇၊ ဦးပိုင်အမှတ် ၂၅/၂၈x၂၉ လမ်းကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်ဇ(ခ)တင်မောင်အေး ၁၂/မရက(နိုင်)၀၁၁၀၂၆၊ ဦးခင်မောင်ကျော် ၉/မရမ(နိုင်)၀၁၂၄၂၉၊ ဒေါ်ခင်ခင်မြ ၉/မရမ(နိုင်)၀၁၂၄၂၇၊ ဦးခင်မောင်အုန်း ၉/မရမ(နိုင်)၀၃၀၈၆၄၊ ဒေါ်သက်သက်ထွေး ၉/မရမ(နိုင်)၀၁၂၄၂၅တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၈၄/၂၀၂၃)ဖြင့် လည်းကောင်း၊ ဒေါ်သူဇာဆွေ ၉/မနမ(နိုင်)၁၀၁၂၂၉၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၀၀၆/၂၀၂၂)ဖြင့် ၎င်းလွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ဇော် ၉/မရမ(နိုင်)၀၆၇၄၉၅က ၎င်းကိုယ်တိုင်နှင့်အတူ၊ ဒေါ်စိမ်းစိမ်းနု ၉/မရမ(နိုင်)၀၁၂၁၉၁၏ အထွေထွေကိုယ် စားလှယ်လွှဲစာအမှတ် (၃၀၃၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာမြင့် ၉/မရမ(နိုင်)၀၁၂၁၉၂နှင့် ဒေါ်နန်းအေးငြိမ်းသူ ၉/မရမ(နိုင်)၀၉၂၅၀၀၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၇၅၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းသီဟမျိုးဇော် ၉/ခအဇ(နိုင်)၀၁၄၇၉၉က ၎င်းကိုယ်တိုင်နှင့်အတူ ဦးတင်မောင်သန်း ၉/မရမ(နိုင်)၀၃၀၅၂၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# မော်လမြိုင်ကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာဥပဒေ ရှင်းလင်းပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဟိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များ၊ ရုပ်သံမီဒီယာလုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်မာကုန်ခြောက်ဆိုင်လုပ်ငန်းရှင်များနှင့် လယ်ယာသုံးစက်ပစ္စည်းလုပ်ငန်းရှင်များ ယင်းလုပ်ငန်းရှစ်မျိုးနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာဥပဒေများ ရှင်းလင်းခြင်းကို ဇူလိုင် ၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဧရာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုလှိုင်က ပြည်တွင်းအခွန်များဦးစီးဌာန၏လိုက်နာကျင့်သုံးနေသောအခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခွန်ဆိုင်ရာဥပဒေရှင်းလင်းပွဲသို့ တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# MNL အမှတ်ပေးပြိုင်ပွဲအဖွင့်ပွဲ ရန်ကုန်နှင့် ဒဂုံစတား အနိုင်ရ

**ရန်ကုန် ဇူလိုင် ၆**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ဇူလိုင် ၆ ရက်က စတင်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အမှတ်ပေးပြိုင်ပွဲမစတင်မီ နည်းပြချုပ်နှင့် ကစားသမားများ အပြောင်းအလဲပြုလုပ်ထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ဦးကျော်ဒွန်း ကိုင်တွယ်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းက အမှတ်ပြည့်ရရှိခဲ့သည်။ နိုင်ငံခြားသားနည်းပြနှင့် လမ်းခွဲထားသလို ပြည်တွင်းအမာခံကစားသမားအများစုနှင့်လည်း လမ်းခွဲထားသည့် ရခိုင်ယူနိုက်တက်အသင်းသည် အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသားအစုံအလင်မပါဝင်နိုင်ဘဲ အဖွင့်ပွဲတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

ပြိုင်ပွဲမတိုင်မီ နိုင်ငံခြားသားကစားသမားအားလုံးနှင့် လမ်းခွဲခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားများဖြင့် ပွဲထွက်လာပြီး ရခိုင်ယူနိုက်တက်အသင်း ပွဲထွက်လူစာရင်းတွင်လည်း နိုင်ငံခြားသားကစားသမား တစ်ဦးသာ ပါဝင်လာသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၃၄ မိနစ်တွင် အသင်းခေါင်းဆောင် ဒေးဗစ်ထန်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်အသင်းက ၈၂ မိနစ်တွင် ဒုတိယဂိုးထပ်ရခဲ့ပြီး ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ရရှိခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် ဇူလိုင် ၇ ရက် **(ယနေ့)** တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် Dagon Port အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ - MNL**



ရန်ကုန်ယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်စဉ်။

**မိခင်အမည်မှန်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက(ခွဲ)အကျော် Grade-11 မှ မောင်သက်ပိုင်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်နွဲ့နွဲ့ဝင်း ၁၄/ဓနဖ(နိုင်)၁၂၇၈၂၉ ဖြစ်ပါကြောင်း။

**ဒေါ်နွဲ့နွဲ့ဝင်း**

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နေ ဆူနီးကူမာရ်(ဘ) ဦးရန်အောင်သာ ၇/ကတခ(ပြု)၀၀၉၅၈၆၏ နိုင်ငံကူးလက်မှတ် (MB-236797)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၆၆၉၁၇**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 65W/8658 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းလွင် ၇/ညလပ(နိုင်)၂၁၂၆၂၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 77W/79344 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွဋ် ၇/သနပ(နိုင်)၀၈၀၇၆၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆၅ယ/၇၁၆၉၁, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိစုလတ် ၁၀/မလမ(နိုင်)၁၄၀၅၂၀မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၅ယ/၃၉၁၄, Honda Wave 110 , m/c ယာဉ်လက်ဝယ်ရှိသူ ဦးရန်မျိုးအောင် ၆/ထဝန(နိုင်)၁၂၄၉၈၄မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၁ယ/၃၅၁၆, Honda Dream 125 , m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ချောဦး ၆/လလန(နိုင်)၁၁၇၆၈၈ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ဟ/၆၇၂၈, ROVEN 150, ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၇/ကဝန(နိုင်)၁၁၆၄၃၂မှယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၈ယ/၄၆၄၃၁, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဇာဝင်းမြင့် ၂/မစန(နိုင်)၀၀၀၇၃၀ မှယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## တပ်ကုန်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

ဒေါ်နွဲ့နွဲ့မူ နှင့် ဦးခင်မောင်ထွေး
(တရားလို) (တရားပြိုင်)

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ လယ်ဇပင်ကျေးရွာနေ တရားပြိုင် ဦးခင်မောင်ထွေး (ဘ) ဦးညီမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နွဲ့နွဲ့မူက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲ ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၅)ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြူစင်ကျော်)
ဒုတိယမြို့နယ်တရားသူကြီး
တပ်ကုန်းမြို့နယ်တရားရုံး

## ကြော်ငြာစာ

